# The Strategy First Times

Vol.1., Issue 20

August 1, 2016 | ၁၃၇၈ ခု၊ ဝါဆိုလပြည့်ကျော် (၁၃) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition




## သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို မေးသင့်တဲ့မေးခွန်း (၃) ခု

စာ - ၁၁ သို့



## နိုးနိုးချင်း ရေနွေးသောက်ခြင်းကြောင့် ရမယ့်အကျိုးကျေးဇူးများ

စာ - ၁၄ သို့



MOVIE REVIEW

စာ - ၆ သို့

## The Legend of Tarzan

TED TALK

စာ - ၁၃ သို့

## Profit's Not Always The Point

**Strategy First** Timesရဲ့Ted Talkကဏ္ဍာ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Videoဖြစ်ပြီးတော့ Videoဝင်ကြည့်ဖို့ Mobile Phoneနဲ့ပေးထားတဲ့ QR Codeကို Cameraကနေ Scan လုပ်ရမှာပါ။ QR Code Scanner Applicationတွေကိုတော့ Google Playstore၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။




## ရည်မှန်းချက်နဲ့ စိတ်ကူးယဉ်တာကွဲပြားဖို့လိုတယ်လို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ရဲ့ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းပြောဆို

စာ - ၃ သို့




## လူငယ်တွေ နိုင်ငံရေ့တန်းရောက်အောင် ဝိုင်းဝန်းကြိုးစားကြဖို့ Strategy First ရဲ့ Academic Director ဒေါက်တာစိန်မင်းတိုက်တွန်း



မြန်မာလူငယ်တွေအနေနဲ့ကိုယ့်နိုင်ငံရှေ့တန်းရောက်ရှိလာအောင် ဝိုင်းဝန်းကြိုးစားလိုစိတ်တွေမွေးမြူကြဖို့ **Strategy First Institute** ရဲ့ Academic Director ဆရာကြီးဒေါက်တာစိန်မင်းက တိုက်တွန်း ပြောဆိုလိုက်ပါတယ်။

ဇူလိုင်လ ၁၉ ရက်နေ့(အာဇာနည်နေ့)မှာပြုလုပ်ခဲ့တဲ့ မြန်မာ့စီးပွားရေး အလားအလာနှင့် အခြေခံပြဿနာများအကြောင်း ဟောပြောပွဲမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။ အဆိုပါပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ **Strategy First Institute** ရဲ့ကျောင်းခွဲမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

" ကျွန်တော်တို့နိုင်ငံက ဒေသတွင်းနိုင်ငံတွေကြားမှာ အတော်လေးနောက်ကျနေတယ်ဆိုတော့ သူတို့နဲ့အမီလိုက်နိုင်အောင်ကြိုးစားဖို့လိုနေပြီ၊ အဲတော့အခုအနာဂတ်ကိုပိုင်ဆိုင်ထားတဲ့လူငယ်တွေအနေနဲ့ ငါတို့ သူတို့ကို ဘယ်လိုအမီလိုက်မလဲဆိုတဲ့ စိတ်ဓာတ်ကို မွေးစေချင်တယ်။

စာ - ၂ သို့

# လူငယ်တွေ နိုင်ငံရှေ့တန်းရောက်အောင် ဝိုင်းဝန်းကြိုးစားကြဖို့

# STRATEGY FIRST ရဲ့ Academic Director ဆရာကြီး ဒေါက်တာစိန်မင်းတိုက်တွန်း





SFJ Team

မြန်မာလူငယ်တွေအနေနဲ့ ကိုယ့်နိုင်ငံ ရှေ့တန်းရောက်ရှိလာအောင် ဝိုင်းဝန်းကြိုးစားလိုစိတ်တွေမွေးမြူကြဖို့ **STRATEGY FIRST INSTITUTE** ရဲ့ Academic Director ဆရာကြီး ဒေါက်တာစိန်မင်းက တိုက်တွန်း ပြောဆိုလိုက်ပါတယ်။

ဇူလိုင်လ ၁၉ ရက်နေ့(အာဇာနည်နေ့) မှာပြုလုပ်ခဲ့တဲ့မြန်မာ့စီးပွားရေးအလားအလာနှင့် အခြေခံပြဿနာများအကြောင်းဟောပြောပွဲမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။ အဆိုပါပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ **STRATEGY FIRST INSTITUTE** ရဲ့ ကျောင်းခွဲမှာကျင်းပခဲ့တာဖြစ်ပါတယ်။

" ကျွန်တော်တို့နိုင်ငံက ဒေသတွင်း နိုင်ငံတွေကြားမှာ အတော်လေးနောက်ကျနေတယ်ဆိုတာ့ သူတို့နဲ့အမီ လိုက်နိုင်အောင် ကြိုးစားဖို့ လိုနေပြီ၊အဲတော့အခုအနာဂတ်ကိုပိုင်ဆိုင်ထားတဲ့လူငယ်တွေအနေနဲ့ ငါတို့ သူတို့ကို ဘယ်လိုအမီလိုက်မလဲဆိုတဲ့စိတ်ဓာတ်ကို မွေးစေချင်တယ်၊ ကိုယ့်အကျိုးထက် နိုင်ငံအကျိုးကိုရှေးရှုတဲ့အမြင်မျိုးလေးတွေကိုမွေးမြူကြဖို့အခုခေတ်လူငယ်တွေလိုနေပါတယ်" လို့ ဆရာကြီးက ပြောဆိုပါတယ်။

နိုင်ငံရဲ့ကဏ္ဍပေါင်းစုံမှာ ဒေသတွင်းအာရှနိုင်ငံတွေထက်အဆပေါင်းများစွာနိမ့်ကျနေချိန်မှာ လူငယ်အများစုအနေနဲ့ နိုင်ငံချစ်စိတ်နဲ့ ကြိုးစားပေးကြဖို့ကို ဆရာကြီးက ထပ်ပြီးတိုက်တွန်းပြောဆိုခဲ့ပါတယ်။

လက်ရှိနိုင်ငံသားတွေရဲ့တစ်ဦးကျဝင်ငွေမှာ တစ်နှစ်ကို ကန်ဒေါ်လာ ၁၂၀၀ ဝန်းကျင်သာရှိနေချိန်လာအိုနိုင်ငံကဒေါ်လာ၁၇၀၀ကျော်၊ ထိုင်းနိုင်ငံက ဒေါ်လာ ၅၉၀၀ ကျော်အထိရှိပါတယ်။ ထို့အတူ တရုတ်နိုင်ငံ သားတွေအနေနဲ့ တစ်ဦးကျဝင်ငွေက ဒေါ်လာ ၇၆၀၀ ဝန်းကျင်နဲ့ အိန္ဒိယနိုင်ငံက ဒေါ်လာ ၁၆၀၀ ဝန်းကျင် မှာရှိတာကြောင့် မြန်မာနိုင်ငံအနေနဲ့ မြင့်မားတဲ့အရှိန်နဲ့ ကြိုးစားမှသာ ဒေသတွင်းနိုင်ငံတွေကို လိုက်မီတော့မှာဖြစ်တယ်လို့လည်း နိုင်ငံတကာ ထုတ်ပြန်ချက်တွေကိုးကားပြီး ဆရာကြီးက အသိပေးပြောဆိုပါတယ်။

အောင်မြင်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ နိုင်ငံ့စီးပွားရေးအခြေအနေကိုမေ့ထားမရတာကြောင့် လက်ရှိအာဏာရ အဖွဲ့အစည်းတွေအနေနဲ့ ပြတ်သားတဲ့စီးပွားရေးမူဝါဒတွေ ချမှတ်ဖို့လိုနေတဲ့အကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံသားတွေကို အသိပေးပြောဆိုခဲ့တဲ့ မိန့်ခွန်းတွေ ကိုးကားပြီးလည်း ပြောဆိုပါသေးတယ်။

ဟောပြောချိန် (၂) နာရီကျော်အတွင်း လက်ရှိနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုတွေ၊ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေအကြောင်း၊ လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေး အခြေအနေ၊ နိုင်ငံရေးဆက်စပ်အကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံဟောပြော ပေးခဲ့ပါတယ်။

တက်ရောက်လာသူတွေမှလည်း လက်ရှိမြန်မာ့စီးပွားရေးကဏ္ဍအတွင်း အရေအတွက်များများရှိနေတဲ့ SME အသေးစား၊အလတ်စားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကြံပြုချက်များ၊ စိုက်ပျိုးရေးကဏ္ဍ လုပ်ငန်းရှင်တွေကလည်းလက်ရှိတောင်သူတွေကြုံတွေ့နေရတဲ့ဈေးကွက်သတင်းအချက်အလက်ငတ်မွတ်နေမှုများရှိနေကြောင်း၊ နိုင်ငံတကာအောင်မြင်တဲ့ လုပ်ငန်းရှင်တွေမှာ သတင်းအချက်အလက်ရရှိမှု အားသာသလို တန်ဖိုးမြင့် ထုတ်လုပ်နိုင်ဖို့ ရေခံမြေခံလိုအပ်ချက်တွေ ရှိနေတဲ့အကြောင်းကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံစီးပွားရေးတိုးတက်ဖို့အတွက် ကဏ္ဍစုံဖွံ့ဖြိုးလာစေဖို့ အစိုးရက ဝင်ရောက်ကျားကန်ပေးမှုတွေလိုအပ်သလို အခြားသောထောက်ပံ့မှုများ လိုအပ်နေဆဲဖြစ်တယ်လို့လည်း လုပ်ငန်းရှင်တွေက ပြောဆိုဆွေးနွေးခဲ့ကြပါသေးတယ်။ ခရီးသွားလုပ်ငန်းကဏ္ဍမှ တက်ရောက်လာသူတွေကလည်း လက်ရှိမြန်မာလူမျိုးတွေအနေနဲ့ ကိုယ်ပိုင်လုပ်ငန်းထက် ဝန်ထမ်းဘဝကို ပိုမက်မောနေတယ်လို့မြင်မိကြောင်းစီးပွားရေးလုပ်ငန်း အဖြစ် ထူထောင်လိုစိတ်တွေ မွေးမြူဖို့လိုအပ်ချက်တွေရှိနေတဲ့ အကြောင်းလည်း ထည့်သွင်းပြောဆိုသွားပါတယ်။

လုပ်ငန်းငယ်တိုးတက်ရေးအတွက်လည်း ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးရေး၊ အခွန်စနစ်နဲ့ ရင်းနှီးငွေ လွယ်ကူစွာရရှိဖို့ လိုအပ်နေဆဲဖြစ်တယ်လို့လည်း လုပ်ငန်းရှင်တွေက တက်ကြွစွာဆွေးနွေးခဲ့ကြပါသေးတယ်။ ဆရာကြီးကလည်း အခုလို စီးပွားရေးဖိုရမ်တွေ ထပ်မံပြုလုပ်ဖို့ ရည်မှန်းထားကြောင်း အသိပေးပြောဆိုခဲ့ပါတယ်။

အာဇာနည်နေ့မှာ ကျင်းပတဲ့ဟောပြောပွဲဖြစ်တာနဲ့အညီ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မှတ်သားစရာအမှာစကားများကိုပါ ထည့်သွင်း ပြောဆိုခဲ့သလို အာဇာနည်တွေအတွက် ဥသြဆွဲသံထွက်ပေါ်ချိန်မှာလည်းစုပေါင်းငြိမ်သက်အလေးပြုပွဲပါ ပြုလုပ်ခဲ့ပါသေးတယ်။

ဆရာကြီးရဲ့ဟောပြောအပြီးမှာတက်ရောက်လာသူတွေရဲ့သိလိုတဲ့မေးခွန်းတွေကိုပြန်လည်ဖြေကြားပေးခဲ့ပါတယ်။ ကျောင်းတာဝန်ရှိသူများမှလည်းတက်ရောက်လာတဲ့ဧည့်သည်တွေကိုအကျွေးအမွေးများနဲ့ဧည့်ခံပေးခဲ့ကြပါတယ်။

**STRATEGY FIRST INSTITUTE** အနေနဲ့ လူငယ်တွေ၊ သင်တန်းသားတွေအတွက် နယ်ပယ်အသီးသီးက ပညာရှင်တွေရဲ့ဟောပြောပွဲတွေကို လစဉ်ပြုလုပ်ပေးနေပြီး လာမယ့်လတွေမှာလည်း ဟောပြောပွဲတွေ ထပ်ပြီးပြုလုပ်ဖို့ စီစဉ်ထားပါသေးတယ်။

■

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ၄င်းဈေးရင်းအတိုင်း မှာယူနိုင်ပြီ။
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန်တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်။)
ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီးပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

စုံစမ်းရန် - ယင်းမာတေးသံသွင်းအမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၀၁ - ၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉ - ၄၅၀၀၆၆၂၄၂၊ ဦးချောကြီး - ၀၉ - ၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd.
HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# ဦးဆောင်သူတွေအနေနဲ့ ရည်မှန်းချက်နဲ့စိတ်ကူးယဉ်တာကွဲပြားဖို့လိုတယ်လို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းပြောဆို

SFJ Team






စီးပွားရေးလုပ်ငန်းနဲ့ အဖွဲ့အစည်းတွေကို ဦးဆောင်နေသူတွေအနေနဲ့ ရည်မှန်းချက်နဲ့ စိတ်ကူးယဉ်တာကို ကွဲကွဲပြားပြားဖြစ်ဖို့ လိုပါတယ်လို့ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဖြစ်တဲ့ ဒေါက်တာတင်ဝင်းကပြောဆိုပါတယ်။

ဇူလိုင် ၂၃ရက် **STRATEGY FIRST INSTITUTE** ပြည်လမ်းကျောင်းခွဲမှာပြုလုပ်တဲ့ Everything in Management starts from Objectives ခေါင်းစဉ်နဲ့ပြုလုပ်တဲ့ ဟောပြောပွဲမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။

" အဖွဲ့အစည်းတွေကို ဦးဆောင်နေရတဲ့ မန်နေဂျာတွေအနေနဲ့ ရည်မှန်းချက်ရယ်၊ စိတ်ကူးယဉ်တာရယ်၊ Slogan နဲ့ကွဲဖို့လိုတယ်။ ရည်မှန်းချက်ရဲ့အခြေခံကစိတ်ကူးယဉ်တာတော့ ဟုတ်တယ်။ ဒါပေမဲ့စိတ်ကူးယဉ်တိုင်း၊ အိပ်မက်တိုင်းက ရည်မှန်းချက်မဟုတ်နိုင်ဘူးဆိုတာကိုတော့ သတိပြုဖို့လိုပါတယ် " လို့ဆရာကြီးက ပြောပါတယ်။

မြန်မာနိုင်ငံရေးနောက်ခံကိုကြည့်ရင် စိတ်ကူးယဉ်ထားဆန်တဲ့ စီမံကိန်းတွေ များစွာရှိနေပြီးလက်ရှိအချိန်အထိလည်းအဆိုပါလုပ်ဆောင်ချက်တွေ ချမှတ်လုပ်ဆောင်နေဆဲဖြစ်တယ်လို့လည်း ဆရာကြီးက ထောက်ပြပြောဆိုပါသေးတယ်။

" စိုက်ပျိုးရေးကိုအခြေခံတဲ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး အော်လိုက်တာ ၁၉၆၂ ခုနှစ်လောက်ကတည်းက အခုအချိန်အထိလည်း ဘာမှဖြစ်လာတာမရှိဘူး၊ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ လက်တွေ့မှာ ပုရွက်ဆိတ်တောင်မဖမ်းမိဘူး၊ လက်တွေ့အကောင်အထည်ဖော်တာတွေ ဘာမှမရှိသရွေ့ဒါဟာစိတ်ကူးယဉ်ဆန်တဲ့ ရည်မှန်းချက်တွေအဖြစ်နဲ့ပဲရှိနေဦးမှာပဲ " လိုဆက်ပြီးပြောပါတယ်။

Managementတိုင်းကရည်မှန်းချက်က စတာဖြစ်လို့ အဖွဲ့အစည်း ဦးဆောင်မန်နေဂျာတွေအနေနဲ့ရည်မှန်းချက်တွေလွယ်လွယ်ကူကူ မချဖို့ သတိပြုသင့်တဲ့အကြောင်း၊ ချမှတ်ပြီးတဲ့ ရည်မှန်းချက်တွေကိုလည်းလက်တွေ့အကောင်အထည်ဖော်နိုင်ဖို့တိကျတဲ့လုပ်ငန်းတာဝန်တွေ ချမှတ်ပေးဖို့၊ ချမှတ်ထားတဲ့လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ရတဲ့ ကိုယ်ရဲ့နောက်လိုက်တွေအတွက်လည်းမှန်ကန်တဲ့လုပ်ဆောင်နိုင်အောင် လမ်းကြောင်းပေးဖို့လိုအပ်နေတဲ့အကြောင်းကိုဆရာကြီးကလက်တွေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး အကြောင်းအရာများနဲ့ ဟောပြောပေးခဲ့ပါတယ်။

အဖွဲ့အစည်းဦးဆောင်နေသူတွေအနေနဲ့ ကိုယ့်ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ပေးမယ့် နောက်လိုက်တွေ မြင်သာအောင် ပိုမိုတိကျတဲ့မျှော်မှန်းချက်တွေ၊ လုပ်ဆောင်ချက်တွေဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးဖို့ လိုအပ်နေတယ်လို့ ပြောပါတယ်။

အောင်မြင်တဲ့စီမံခန့်ခွဲသူဖြစ်၊ မဖြစ်ကိုသူရဲ့ရည်မှန်းချက်ကိုဘယ်လောက်အောင်မြင်အောင် လုပ်ဆောင်နိုင်သလဲဆိုတဲ့အချက်နဲ့ တိုင်းတာရမှာဖြစ်တယ်လို့လည်း ဆရာကြီးက ပြောပါတယ်။ ဟောပြောချိန်အပြီးမှာလည်းလူငယ်တွေသိလိုတဲ့မေးခွန်းတွေကိုအပြန်အလှန်ဆွေးနွေးပြောဆိုပေးခဲ့ပါသေးတယ်။

**STRATEGY FIRST INSTITUTE** အနေနဲ့ နယ်ပယ်အသီးသီးကပညာရှင်တွေကိုဖိတ်ကြားပြီး လပတ်ဟောပြောပွဲတွေကို ပုံမှန်ပြုလုပ်ပေးသွားဖို့ရှိတယ်လို့ ကျောင်းတာဝန်ရှိသူတွေက ပြောဆိုပါတယ်။

■


The STRATEGY FIRST Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/4 page H (9 in x 3.5 in) | 50,000 ks | - |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | - |
| Half-page (9 in x 7 in) | 100,000 ks | - |
| Full-page (10 in x 15 in) | 200,000 ks | - |

THE STRATEGY FIRST Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး STRATEGY FIRST INSTITUTE တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟေသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။




လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းဈေး ၂၂၀၀ ကျပ်

ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

**Hot-line: 09250717166 ~ 68**

**လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။**

ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# Student Highlights (NCC-Batch 3)

အမည် - သုဟန်ထွဏ်း
အသက် - ၁၈ နှစ်
ဝါသနာ - ဘောလုံးကန်ခြင်း၊ ဂိမ်းကစားခြင်း
နေရပ် - သင်္ကန်းကျွန်းမြို့နယ်
ဇာတိ - ရန်ကုန်
Fashion - Free Style၊ Gentleman Style
ရည်မှန်းချက် - စီးပွားရေးလုပ်ငန်းရှင်ဖြစ်ချင်ပါတယ်။
အကြိုက်ဆုံး Music Band - Foreign Rock
အကြိုက်ဆုံး အဆိုတော် - Ed Sheeren
အကြိုက်ဆုံးအစားအစာ - Hotpot
အဝေးသင် မြန်မာစာ သင်ယူနေပါတယ်။
အားလပ်ချိန်မှာ သီချင်းနားထောင်၊
အင်တာနက်သုံးတယ်။



အမည် - လမင်းဖြူဖြူ
အသက် - ၁၇ နှစ်
ဝါသနာ - စာဖတ်ခြင်း၊
နေရပ် - ဗိုလ်တစ်ထောင်မြို့နယ်
ဇာတိ - ရန်ကုန်
Fashion - Free Style
ရည်မှန်းချက် - Professional Makeup Artist
အကြိုက်ဆုံး Music Band - EXO
အကြိုက်ဆုံး အဆိုတော် - Taylor Swift
အကြိုက်ဆုံးအစားအစာ - French Food
အားလပ်ချိန်မှာ စာဖတ်ပါတယ်။



အမည် - ဟိန်းလင်းဝင်း
အသက် - ၁၈ နှစ်
ဝါသနာ - စာဖတ်ခြင်း
နေရပ် - မရမ်းကုန်းမြို့နယ်
ဇာတိ - ဧရာဝတီတိုင်း၊ ဇလွန်မြို့
Fashion - မြန်မာဝတ်စုံ
ရည်မှန်းချက် - Marketing Manager
အကြိုက်ဆုံး Music Band - IC
အကြိုက်ဆုံး အဆိုတော် - လေးဖြူ
အကြိုက်ဆုံးအစားအစာ - လက်ဖက်သုပ်
ဒဂုံတက္ကသိုလ်မှာ E-major သင်ယူနေပါတယ်။
အားလပ်ချိန်တွင် စာဖတ်ပါတယ်။




အမည် - ထက်လင်းလက်အောင်
အသက် - ၁၉ နှစ်
ဝါသနာ - ပုံဆွဲခြင်း၊ စာဖတ်ခြင်း
နေရပ် - ကမာရွတ်မြို့နယ်
ဇာတိ - ရန်ကုန်
Fashion - ပေါ့ပေါ့ပါးပါးစတိုင်
ရည်မှန်းချက် - စီးပွားရေးလုပ်ငန်းရှင်ဖြစ်ချင်ပါတယ်။
အကြိုက်ဆုံး Music Band - Super Junior
အကြိုက်ဆုံး အဆိုတော် - ရွှေထူး
အကြိုက်ဆုံးအစားအစာ - Japanese Food
ဒဂုံတက္ကသိုလ်မှာ E-major သင်ယူနေပါတယ်။
အားလပ်ချိန်တွင် ပုံဆွဲ၊ သီချင်းနားထောင်ပါတယ်။



in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study








# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- 1st Batch (3rd Intake) သင်တန်းများကို စက်တင်ဘာလ (24) တွင် စတင်ပါမည်။
- AYA Bank, CB Bank များ၏ Credit Card များဖြင့် ချိတ်ဆက်၍ အရစ်ကျပေးသွင်းနိုင်ပါသည်။ သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - စက်တင်ဘာလ (15) ရက်

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

# The Legend of Tarzan



SFJ Team

ဒီတစ်ပတ် SFT ရဲ့ Movie Review ကဏ္ဍမှာတော့ လူတိုင်းကြားဖူးနေကျကြည့်ဖူးပြီးသား ဇာတ်လမ်းလေးကို အခြေခံကာ အသစ်တဖန် ဆန်းသစ်ပြီး ရိုက်ကူးထားတဲ့ The Legend of Tarzan အကြောင်းကို မိတ်ဆက်ပေးမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက Disney က ကာတွန်းအဖြစ် ထုတ်လုပ်ခဲ့ပြီးနောက်ပိုင်းကမ္ဘာတစ်ဝှမ်းလူကြိုက်များခဲ့တဲ့ Tarzan ကားတွေကိုအခြေခံထားပြီးတော့၊ ဇာတ်ကောင်အများစုကလည်းအတူတူပဲဖြစ်ပါတယ်။ ဒီကားကိုတော့ IMdb က 6.7 အဖြစ် Rating ပေးထားပြီးတော့ အရမ်းအမြင့်ကြီးမဟုတ်ပေမယ့် သာမန်ထက်ကောင်းတဲ့ကားကောင်းတစ်ကားဖြစ်ပါတယ်။

ဇာတ်လမ်းအစမှာ Tarzan ဟာ အာဖရိက တောထဲမှာမနေတော့ဘဲနဲ့ သူ့မိဘတွေရဲ့မွေးရပ်မြေ လန်ဒန်မှာ အမျိုးသမီးဖြစ်သူ Jane Porter နဲ့အတူ နေထိုင်နေတာ ဆယ်စုနှစ်တစ်ခုလောက်ရှိနေပြီဖြစ်ပါတယ်။ Tarzan ဟာ အဲဒီအချိန်မှာ Tarzan မဟုတ်တော့ဘဲ သူ့မိဘတွေပေးခဲ့တဲ့နာမည် John Clayton III, Lord Greystoke. နဲ့ သူ့မိဘအမွေအနှစ် ဖြစ်တဲ့ အိမ်တို့ကိုပြန်ရရှိကာ နေထိုင်နေပါပြီ။

Berlin Conference ရဲ့ရလဒ်အရ Congo နိုင်ငံ နှစ်ခြမ်းကွဲပြီးတော့ Belgium နဲ့ UK တို့က ပိုင်ဆိုင်ထားတဲ့အခြေအနေနဲ့ အစပြုထားပါတယ်။ Belgium နိုင်ငံ ဘုရင်ဖြစ်တဲ့ Leopold ဟာ အာဖရိကက လာတာဖြစ်တဲ့ Tarzan တစ်ဖြစ်လဲ John ကို အာဖရိကကို သွားကာ သူလုပ်ပေးထားတဲ့တိုးတက်မှုတွေကို သွားကြည့်ဖို့ပြောပါတယ်။ Tarzan က ငြင်းလိုက်ပေမယ့် အမေရိကန်နိုင်ငံ နိုင်ငံရေးသမား George Washington Williams က Leopold ဘုရင်ဟာ အာဖရိကမှာ ဖိနှိပ်မှုတွေ ကျွန်ပြုမှုတွေနဲ့ သယံဇာတခိုးထုတ်မှုတွေကို တိတ်တဆိတ် ပြုလုပ်နေတယ်လို့ ပြောလာတဲ့အခါမှာ စုံစမ်းစစ်ဆေးဖို့အတွက် Tarzan က အာဖရိကသွားဖို့သဘောတူလိုက်ပါတော့တယ်။

အာဖရိကရောက်တဲ့အခါမှာ Leopold အောက်မှာအလုပ်လုပ်နေတဲ့လက်နက်ကိုင်တွေနဲ့တွေ့ဆုံရပုံ၊ Tarzan ရဲ့အတိတ်တုန်းကရန်သူဟောင်းတွေနဲ့ ကြုံတွေ့ရပုံ၊ မိဘတွေအသတ်ခံရပြီး မွေးစားခဲ့တဲ့ မိသားစုဟောင်းဖြစ်တဲ့ မျောက်ဝံတွေနဲ့ပြန်တွေ့ကာအခက်အခဲတွေကို အတူတူရင်ဆိုင်ပုံတွေကို ဒီဇာတ်ကားမှာ စိတ်ဝင်စားစွာ မြင်တွေ့ရမှာဖြစ်ပါတယ်။

The Legend of Tarzan ဇာတ်ကားရဲ့ တစ်မူထူးခြားတဲ့ အချက်အနေနဲ့ကတော့ Hollywood နာမည်ကျော်သရုပ်ဆောင်ပေါင်းများစွာပါဝင်နေတာပဲဖြစ်ပါတယ်။ ခေါင်းဆောင်ဇာတ်ရုပ်မှာတော့ Tarzan အဖြစ် Alexander Skarsgard က သရုပ်ဆောင်ထားပြီး Jane Porter အဖြစ် Margot Robbie(Wolf of Wall Street ၊ Suicide Squad) တို့က သရုပ်ဆောင်ထားပြီး George Washington William အဖြစ် Samuel L Jackson အပြင် မင်းသားကြီးတွေဖြစ်တဲ့ Christoph Waltz နဲ့ Djimon Hounsou တို့လည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

■

# Excel Data Entry Techniques - Part (1)

vifxlatmif
(Global Link Technology )

ကျွန်တော်တို့ Global Link Technology မှ ယခင် Excel Article များကို Chapter (1) – Basic Level အနေဖြင့် **STRATEGY FIRST** Times တွင် ဖော်ပြခဲ့ပါတယ်။ ယခု အပတ်မှ စတင်ပြီး Chapter (2) ကို Advanced Level အနေနဲ့ Excel 2013 ရဲ့ Fucntions တချို့ကို ရှင်းလင်းတင်ပြသွား ပါမယ်။ ယခုအပတ်မှာ Data Entry လုပ်ရာမှာ အလွန်အသုံးဝင်တဲ့ Tools များနဲ့ Techniques များအကြောင်း အပိုင်းလိုက်ခွဲပြီးဥပမာနဲ့တကွတင်ပြသွားပါမယ်။

ပထမဆုံးအနေနဲ့ Data Entry Techniques လုပ်ရာမှာ အသုံးပြုသွားမယ့် Excel Cursor (3) မျိုးအကြောင်းမှာ –

၁။ Select Cursor – Select Cursor ကို Excel ၏ Workspace Area ဖြစ်တဲ့ Cell ကွက်များပေါ်မှာအများဆုံးတွေ့မြင်နိုင်ပါတယ်။ Cell ကွက်တွေကို Select မှတ်ရာမှာ အသုံးပြုပါတယ်။

၂။ Fill Handle – Active cell ညာဘက်အောက်ထောင့် တစ်နေရာတည်းမှာ တွေ့နိုင်ပါတယ်။ Fill Series Method အတွက်သာ အသုံးပြုပါတယ်။

၃။ Four headed Arrow – Cells များကို တစ်ခုခြင်းစီသာဖြစ်စေ၊ Group အလိုက်ဖြစ်စေ၊ Move or Copy လုပ်ရာမှာသာအသုံးပြုပါတယ်။

နောက်အပတ်တွေမှာတော့ Data Entry Techniques များအကြောင်းကို ဆက်လက်တင်ဆက်ပေးသွားပါမယ်။

■



y(1)



y(2)




y(3)



# Own Business Management တန်းခွဲသစ်ဖွင့်မည်

ကိုယ်ပိုင်လုပ်ငန်းတွေကို စနစ်တကျ ဘယ်လို စီမံခန့်ခွဲမလဲ၊
သင့်လုပ်ငန်းတိုးတက်ဖို့ နည်းလမ်းများကို ရှာဖွေပါ။

ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက် Certificate in Own Business Management | Level 2: Manage your business (57 hours) - (OBM2 Batch 14) တန်းခွဲသစ် ဩဂုတ်လ (၃) ရက်နေ့စတင်မှာဖြစ်ပါတယ်။
ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်များ အတွက် သီးသန့်စီစဉ်ထားသော Certificate in Own Business Management သင်တန်းအတွက်စတင်စာရင်းပေးသွင်း အပ်နှံနိုင်ပါပြီ။
Certificate in Own Business Management Level 2: Manage your business (57 hours)
(Practical Approach to Managing Small and Medium-Sized Businesses)

**သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ –**
၁။ Principles of Management – စီမံ ခန့်ခွဲမှု သဘောတရားများ
၂။ Managing Finance – ဘဏ္ဍာ ရေးဆိုင်ရာ စီမံခန့်ခွဲခြင်း
၃။ Managing the Markets – ဈေးကွက် စီမံခန့်ခွဲခြင်း
၄။ Managing Manufacturing & Operation
ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်း
၅။ Managing Human Resource – လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲခြင်း။
ဘာသာရပ် (၅) ခုကို လုပ်ငန်းရှင်များ အတွက် ခြုံမိအောင် သင်ကြားပေးပါမည်။
သင် တန်းကာလမှာ နာရီ (၅၇) ကြာမြင့်မည် ဖြစ်သည်။




Class Schedule - Wed, Thu, Fri (9:00 am to 12:00 pm) and Sat (9:00 am to 4:00 pm) |
3 Aug to 31 Aug 2016 | သင်တန်းကြေး – ၂၇၅,၀၀၀ ကျပ်
OBM Workshop Series တွင်
Level 1: Start လုပ်ငန်းသစ် စတင်ခြင်း Level 2: Manage လက်ရှိလုပ်ငန်းကို စီမံခန့်ခွဲခြင်း
Level 3: Grow လက်ရှိလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခြင်း
သင်တန်းသုံးမျိုးခွဲခြားသင်ကြားပေးပါသည်။ လက်ရှိဖွင့်လှစ်သောအတန်းမှာ လုပ်ငန်းရှိပြီးသားလုပ်ငန်းရှင်များအတွက်ဖြစ်ပါသည်။
Level 2 တက်ရောက်ပြီးပါက OBM Level 3 - Grow Your Business ကို ဆက်လက်တက်ရောက်နိုင်ပါသည်။











# ရန်ကုန်မြို့လယ်ခေါင်က အပြာရောင်ကမ္ဗည်းများ

**SFJ Team**

ရန်ကုန်မြို့လယ်ပိုင်းတည်နေရာက စီးပွားရေးဖွံ့ဖြိုးမှုနဲ့အတူ နစ်အနည်းငယ်အတွင်းမှာပင် ခေတ်မီတိုက်တာအဆောက်အဦများ လျင်မြန်စွာနေရာယူလာကြပြီဖြစ်ပါတယ်။ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာသော မြို့ပြတိုးတက်မှုမှာ နစ်ပေါင်းများစွာ တည်ရှိခဲ့သော ရှေးဟောင်းအဆောက်အဦများကို ထိန်းသိမ်းဆောင်ရွက်မှုကလည်း အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ခေတ်မီတိုးတက်လာတဲ့မြို့ပြမှာ နိုင်ငံ့ပုံရိပ်၊ အထိမ်းအမှတ်ဖြစ်သောရှေးဟောင်းအဆောက်အအုံများကိုထိန်းသိမ်းမှုကိုပစ်ပယ်လို့မရသလို ရန်ကုန်မြို့တော်သမိုင်းကို ပြန်ကောက်ရာမှာ ရှေးဟောင်း အဆောက်အဦများအကြောင်းကို ချန်လှပ်ထားလို့မရပါဘူး။

ရန်ကုန်မြို့သမိုင်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ အဆောက်အဦများကို အသိအမှတ်ပြုမှတ်တမ်းတင်ဖို့အတွက်ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust) က အသိအမှတ်ပြုမှတ်တမ်းတင်ဖို့အတွက် အပြာရောင်ကမ္ဗည်းပြားများကို ပြုလုပ်တပ်ဆင်လျက်ရှိပါတယ်။ Yangon Heritage Trust ကို ကုလသမဂ္ဂအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်ရဲ့မြေးဖြစ်သူ ဦးသန့်မြင့်ဦး ဦးဆောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အပြာရောင်ကမ္ဗည်းပြားများကို ရန်ကုန်မြို့လယ်တစ်ဝိုက်ရှိ အဆောက်အဦ ၁၁ ခုမှာ တပ်ဆင်ခဲ့ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ဂျီတီအိုင်) မှာလည်း တပ်ဆင်ထားပြီဖြစ်ပါတယ်။ အပြာရောင်ကမ္ဗည်းပြားများကမြို့တော်ရဲ့သမိုင်း၊ ရှေးဟောင်းအမွေအနှစ်ကို လူအများ လေ့လာမှတ်သားနိုင်အောင် ပံ့ပိုးဖော်လျက်ရှိပါတယ်။

**မြို့တော်ခန်းမ** – ရန်ကုန်မြို့တော်ခန်းမဟာ ၁၉၂၅ ခုနစ်ကနေ ၁၉၄၀ ခုနစ်အတွင်းတစ်ဆင့်ပြီးတစ်ဆင့်ဆောက်လုပ်ခဲ့ရပြီးဥရောပနဲ့မြန်မာ့ဗိသုကာလက်ရာတို့ကို ပေါင်းစပ်ထားတဲ့ပုံစံတည်ဆောက်ထားပါတယ်။

**ဗရော်ဝတီဘဏ်ရုံးချုပ်** – ယနေ့မှာဗရော်ဝတီဘဏ်ရုံးချုပ်အဖြစ် မြင်တွေ့ရတဲ့ မဟာဗန္ဓုလလမ်းနဲ့ မဟာဗန္ဓုလပန်းခြံ လမ်းထောင့်ရှိ အဆောက်အဦမှာမူလကရုံးကုန်တိုက်ဖြစ်ခဲ့ပြီး ၁၉၁၀ ခုနစ်က ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။

**အာမေးနီးယန်းဘုရားကျောင်း** – ကုန်သည်လမ်းနဲ့ ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ အဆိုပါဘုရားကျောင်းကရန်ကုန်မြို့ရဲ့သက်တမ်းအရင့်ဆုံးခရစ်ယာန်ဘုရားကျောင်းဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်း – မီးသတ်အဆောက်အဦကို ၁၉၁၂ ခုနစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး မူလအသုံးပြုတဲ့ပုံစံအတိုင်းဆက်လက်အသုံးပြုနေဆဲဖြစ်တဲ့သက်တမ်းအရှည်ဆုံး ရှေးဟောင်းအဆောက်အဦတစ်လုံးအဖြစ် တည်ရှိနေပါတယ်။

**ရန်ကုန်စာတိုက်ကြီး** – ကမ်းနားလမ်းနဲ့ ဗိုလ်အောင်ကျော်လမ်းထောင့်မှာ တည်ရှိတဲ့ ရန်ကုန်စာတိုက်ကြီးမှာရှေးဟောင်းအမွေအနှစ်အဆောက်အဦတစ်လုံးဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်တဲ့ အဆောက်အဦတစ်ခုလည်း ဖြစ်ပါတယ်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်** – ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အဆောက်အဦက၁၉၃၀ခုနစ်ကဆောက်လုပ်ခဲ့ပြီး ဂရင်းဒလေဘဏ်ရဲ့ရန်ကုန်ဘဏ်ခွဲအဖြစ် အသုံးပြုခဲ့ပါတယ်။

**အစိုးရပုံနှိပ်စက်ရုံ** – သိမ်ဖြူလမ်းနဲ့ အနော်ရထာလမ်းထောင့်ရှိ အစိုးရပုံနှိပ်စက်ရုံအဆောက်အဦက နစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိပြီးမူလလက်ရာမပျက်အခိုင်အခန့်တည်ရှိနေဆဲဖြစ်ပါတယ်။







**လောကနတ်အဆောက်အဦ** – ပန်းဆိုးတန်းလမ်းနဲ့ ကုန်သည်လမ်းထောင့်ရှိ အဆိုပါအဆောက်အဦကို ၁၉၀၆ ခုနစ် ဝန်းကျင်ကဆောက်လုပ်ခဲ့ပြီး ပထမထပ်ရှိ လောကနတ်ပန်းချီပြခန်းကို အစွဲပြုကာ လောကနတ်အဆောက်အဦလို့ ထင်ရှားပါတယ်။

မဟာဗန္ဓုလပန်းခြံ – ၁၈၆၇–၆၈ ခုနစ်မှာ ရွှံ့ထူလျက်ရှိတဲ့ လက်ရှိပန်းခြံနေရာကို မြေဖို့ပြီး အများပြည်သူအနားယူရန်နေရာအဖြစ် ပြောင်းလဲခဲ့ပါတယ်။ ယင်းအချိန်က ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံကော်မရှင်နာအမည်ကို အစွဲပြုကာဖိုက်စကွဲယားလို့အမည်ပေးခဲ့ပါတယ်။

**အိန္ဒိယသံရုံး** – ကုန်သည်လမ်းပေါ်ရှိ အိန္ဒိယသံရုံးအဆောက်အဦက ၁၉၁၄ ခုနစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပြီး အိုရီယန်တယ် အသက်အာမခံကုမ္ပဏီရုံးခန်းအဖြစ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အိန္ဒိယသံရုံးအဖြစ် ၁၉၅၇ ခုနစ်မှ စတင်ပြီး ပြောင်းလဲသုံးစွဲခဲ့ပါတယ်။

မတ်စ်မီးယားရေရှုအာဂျူးဘုရားကျောင်း – ပန်းဘဲတန်းမြို့နယ်ရှိ အဆိုပါဂျူးဘုရားကျောင်းကို ၁၈၉၃–၉၆ ခုနစ်မှာ တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့ရဲ့တစ်ခုတည်းသောဂျူးဘုရားကျောင်းဖြစ်ပါတယ်။

အင်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ (ဂျီတီအိုင်) ပင်မကျောင်းဆောင်ကို ၁၉၀၈ ခုနစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပြီးမြန်မာ့ပြည်ရေးသမိုင်းမှာ အရေးကြီးသော ကျောင်းဖြစ်ခဲ့ပါတယ်။

ကိုးကား – **YHT**

ဓာတ်ပုံ – **YHT**

# Seedstars Yangon Pitch Competition နည်းပညာစွန့်ဦးတီထွင်ပြိုင်ပွဲ

Seedstars Yangon Pitch Competition နည်းပညာစွန့်ဦးတီထွင်သူများအတွက် ပြိုင်ပွဲကြီးမှာ **STRATEGY FIRST** ကလည်း Education Partner အဖွဲ့အစည်းတစ်ခုအဖြစ် ပူးပေါင်းပါဝင်ထားပါတယ်။

ရန်ကုန်ပြိုင်ပွဲမှာ အနိုင်ရရှိသူတွေဟာ Local နဲ့ Switzerland နိုင်ငံမှာ ကျင်းပမယ့် Global Summit စရိတ်ငြိမ်း တက်ရောက်နိုင်မှာဖြစ်ပြီး ဒေါ်လာ (၁) သန်းကျော်တန် ရင်းနှီးမြှုပ်နှံမှုအတွက် ထပ်မံယှဉ်ပြိုင်ရန် သွားရောက်နိုင်မယ့် အခွင့်အရေးကိုလည်း ရရှိမှာဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူတွေဟာ Main Sponsor ဖြစ်တဲ့ AYA Bank က စီစဉ်ပေးတဲ့ အကူအညီများနဲ့အတူ **STRATEGY FIRST** က ချီးမြှင့်တဲ့ Scholarship – ၁၀ သိန်း၊ (၆) သိန်း၊ (၄) သိန်းနဲ့ တခြားမိတ်ဖက်အဖွဲ့အစည်းတွေက ချီးမြှင့်မယ့်ဆုတွေ အသီးသီးထပ်မံရရှိမှာ ဖြစ်ပါတယ်။

Seedstars ဆိုတာတိုးတက်လာတဲ့တက်သစ်စ နည်းပညာဆိုင်ရာစွန့်ဦးတီထွင်သူများ (Tech Startups) ကို ပြိုင်ပွဲများ ကျင်းပပေးကာ ပျိုးထောင်ပေးနေတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့ဖြစ်ပါတယ်။

လျှောက်ထားရန် လိုအပ်ချက်များ –

- နည်းပညာအခြေပြု Startups ဖြစ်ရပါမယ်။
- အများဆုံး (၂)နှစ်သက်တမ်းထက် မပိုတဲ့ Startups ဖြစ်ရပါမယ်။
- ဒေါ်လာ ငါးသိန်းအောက်နည်းသော ရင်းနှီးမြှုပ်နှံမှု ဖြစ်ရပါမယ်။
- အနည်းဆုံးအလုပ်ဖြစ်နေတဲ့နည်းပညာ ဆိုင်ရာကုန်ပစ္စည်းတစ်ခု။ ဝန်ဆောင်မှု Minimum Viable Product (MVP) ရှိရပါမယ်။

၄င်းအပြင် အောက်ပါအခွင့်အရေးတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။

ကျွမ်းကျင်သူပညာရှင်များထံမှ လမ်းညွှန်ပြမှုများ၊ အကြံဉာဏ်ကောင်းများကို လက်ခံရရှိနိုင်ခြင်း။ မိမိဦးစားပေးရွေးချယ်မှုအပေါ် အခြေခံပြီး ရင်းနှီးမြှုပ်နှံသူ အယောက်(၁၀၀)နဲ့ တွေ့ဆုံနိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် တိုက်ရိုက်ထိတွေ့နိုင်ခြင်း၊ ရှယ်ယာရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနဲ့ တခြားဆုများကို ရရှိမှာဖြစ်ပါတယ်။

ပြိုင်ပွဲမှာပါဝင်ဖို့ www.seedstarsworld.com/event/seedstars-yangon-2016 မှာ Code နံပါတ် (SSW_Yangon_2016)ကို ရိုက်ထည့်ပြီး လျှောက်ထားနိုင်ပါတယ်။

လျှောက်ထားလိုတဲ့ Startups များဟာ Online Questions (၁၀)ခုကို ဖြေဆိုရမယ့်အပြင် Pitch Deck တစ်ခုကိုလည်း တင်ပြရပါမယ်။




ပြည့်စုံတဲ့လျှောက်လွှာများကို တင်သွင်းပြီးနောက် Seedstars မှ Top Startups (၈) ယောက်ကို ရွေးချယ်ပေးသွားမှာဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့ Startups (၈) ယောက်ကို ကျွန်ုပ်တို့ရဲ့ပညာရေးဆိုင်ရာ မိတ်ဖက်များနဲ့ ပူးပေါင်း၍ " Mini-Bootcamp" Training Session သို့ ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။

ဩဂုတ်လ (၁၃) ရက် (စနေနေ့)တွင် နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အသေးစိတ်သိရှိလိုပါက http://www.seedstarsworld.com/event/seedstars-yangon-2016/ သို့ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။

https://www.facebook.com/events/1564074147231731/permalink/1564075757231570/

■







မင်္ဂလာပါခင်ဗျာ။

ပြီးခဲ့တဲ့အပတ်က ကိုရဲမျိုးထက် (4 Skills in English For Professional Intermediate Batch-6) Certificate ထုတ်ပေးရန် အကြိမ်ကြိမ်ပြောကြားထားခြင်းကိုကျွန်တော့်ဘက်မှပျက်ကွက်ခဲ့သည့်အတွက် တောင်းပန်အပ်ပါသည်။



**Aung Wai Yan Hein**
Student Services (NCC)

မင်္ဂလာပါခင်ဗျာ။

Marketing Management (ICM-MM-11-02) အတန်းသည်တနင်္လာ – စနေ မှ ဗုဒ္ဓဟူး – တနင်္ဂနွေ သို့သင်တန်းချိန် ပြောင်းလဲသွားသည်ကို ဒေါက်တာ ကေသီဖူးပွင့် အား အကြောင်းကြားရာတွင် နောက်ကျခြင်းနှင့် Account ဌာနမှ စာရင်းမှားသွင်းမိခြင်း အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။



**Saw Hay Tha Hsel**
Manager



**Nyi Nyi Naing**
Assistant Manager

## Comments Welcome

**STRATEGY FIRST INSTITUTE** မှ ကျောင်းသား၊ ကျောင်းသူများ အဆင်မပြေမှုများအတွက် ဆရာ ဦးအောင်ချစ်ခင် (Principal) သို့ တိုက်ရိုက်ဆက်သွယ် တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်နှင့်တကွ gmail များကိုလည်း အောက်တွင် ဖော်ပြထားပါသည်။

**(09) 250 7171 66~68**

**aungchitkhin@mystrategyfirst.com**

# မြန်မာ-ထိုင်းနယ်စပ်ကို သွားလည်ကြမလား

SFJ Team

ပြည်တွင်းခရီးသွားလုပ်ငန်းများက ခရီးစဉ်များကိုအပြိုင်အဆိုင်စီစဉ်ပြီး ခရီးစဉ်ဝန်ဆောင်မှုတွေကို ပေးလာကြရာမှာ မြန်မာ – ထိုင်းနယ်စပ်ခရီးစဉ်များကိုလည်း စီစဉ်လာကြပါပြီ။ အခုတစ်ပတ်မှာ မြန်မာ – ထိုင်းနယ်စပ်ဖြစ်တဲ့ မြန်မာဘက်က မြဝတီ၊ ထိုင်းဘက်က မဲဆောက်မြို့တွေဆီသို့ ပို့ဆောင်ပေးမယ့် ခရီးစဉ်တွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ရန်ကုန်ကနေ မြဝတီ – မဲဆောက်ခရီးစဉ်များကို (၃) ညအိပ် (၄) ရက်ခရီးစဉ်များအဖြစ် ခရီးသွားလုပ်ငန်းများက စီစဉ်ပြီး ဝန်ဆောင်မှုပေးလျက် ရှိပါတယ်။

ခရီးစဉ်အတွင်းမြဝတီမြို့ရှိမိကျောင်းကုန်းဘုရား၊ အဓိဌာန်အောင်ဘုရား၊ ကျောက်လုံးကြီးဘုရားတို့ကို ဖူးမျှော်လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ မိကျောင်းကုန်းဘုရားကျောင်းကို နိုင်ငံတကာခရီးသွားဝက်ဆိုက်ဒ်များမှာ The Crocodile Temple လို့လည်း ခေါ်ဆိုကြပါတယ်။ ကြီးမားလှတဲ့ မိကျောင်းရုပ်ထုပေါ်မှာ ကျောင်းဆောင်တစ်ခုကို တည်ထားပါတယ်။ မြဝတီမြို့ကျက်သရေဆောင်ဘုရား ရွှေမြင်းဝန်ဘုရားကိုလည်း ဝင်ရောက်ဖူးမြော်ကြဦးမှာ ဖြစ်ပါတယ်။ တခြားစိတ်ဝင်စားဖွယ်ရာ နေရာများဆီသို့လည်း သွားရောက်လည်ပတ်ဦးမှာ ဖြစ်ပြီး နယ်စပ်မြို့တစ်မြို့ဖြစ်တဲ့ မြဝတီမြို့ညဈေးကို လည်ပတ်ခံစားနိုင်မှာဖြစ်ပါတယ်။





မဲဆောက်ဘက်သို့ရောက်ရှိလာခဲ့ပြီဆိုရင်တော့ နာမည်ကျော် ဖဝေါ်ဘုရား၊ ရွှေကျောင်း၊ Magic Hill၊ နဂါးလှိုဏ်ဂူ၊ ထိုင်းလူမျိုးများကိုးကွယ်ကြတဲ့ ဦးအောင်ဇေယျနတ်ကွန်းများဆီသို့သွားရောက်လည်ပတ်ကြမှာဖြစ်ပါတယ်။ မဲဆောက်ရှိ စူပါးမားကတ်များ၊ ဈေးများဆီသို့ သွားရောက်ဦးမှာဖြစ်တဲ့အတွက် မိမိတို့ လိုချင်တဲ့ပစ္စည်းများကို ဈေးနှုန်းချိုချိုသာသာနဲ့ ဝယ်ယူလို့ ရနိုင်မှာဖြစ်ပါတယ်။

အပြန်မှာ ဘားအံမြို့သို့လည်း ဝင်ရောက်လည်ပတ်ဦးမှာဖြစ်ပြီး ရွှေရင်မျှော်ဘုရားကို ဝင်ရောက်ဖူးမြော်မှာ ဖြစ်ပါတယ်။ ဒ့ါပြင် ကျောက်ကလာပ်၊ ကန်သာယာ၊ ကော့ဂွမ်းဂူနေရာများဆီသို့လည်း သွားရောက်လည်ပတ်ဦးမှာ ဖြစ်ပါတယ်။

မြဝတီ – မဲဆောက် မြန်မာ – ထိုင်းနယ်စပ်ခရီးစဉ်ဟာ နယ်စပ်ဖြတ်ကျော် သွားလာလည်ပတ်လိုတဲ့ ခရီးသည်များအတွက် သွားရောက်လည်ပတ်သင့်တဲ့ခရီးစဉ်ဖြစ်ပါတယ်။ ခရီးစဉ်ဈေးနှုန်းတစ်သိန်းနှစ်သောင်းနဲ့ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ခရီးသွားချစ်သူများအနေနဲ့ မြန်မာ – ထိုင်းနယ်စပ်မြို့များဆီသို့ တစ်ခါတစ်ခေါက် သွားရောက်လည်ပတ်ကြဖို့ လမ်းညွှန်လိုက်ရပါတယ်။ ■

cuf , jy wf , f

# ကမ်းခြေပုံစံကိတ်မုန့်

ဒီတစ်ပတ်မှာတော့ ဆရာ့မွေးနေ့တုန်းက လုပ်ထားတဲ့ ကမ်းခြေပုံစံကိတ်မုန့်လုပ်နည်းကို ဖော်ပြပေးပါမယ်။ ကိတ်မုန့်ကို အလှဆင်ရတာ ပျော်ဖို့ကောင်းမှာပါ။






aro uEf

**လိုအပ်တဲ့ပစ္စည်းတွေကတော့**

ကိတ်မုန့်အတွက်
ကိတ်မုန့်ဂျုံ – ဖန်ခွက်(၂)ခွက်(၅၀၀မီလီလီတာ)
ကြက်ဥ – (၅) လုံး
ဒိန်ချဉ် (ပလိန်း) – ပူးသေးတစ်ပူး
(၁၅၀ မီလီလီတာ)
ထောပတ် (အရည်) – လေးဇွန်း
ရေ – ဖန်ခွက်တစ်ဝက်
အလှဆင်ဖို့အတွက်
ဂျယ်လီအပြာ – ဖန်ခွက် (၁) ခွက်
(၂၅၀ မီလီလီတာ)
ဘီစကွတ် မုန့်လက်ညှိုး – (၈) ပူး
Topping Cream – ဖန်ခွက် (၁) ခွက်
(၂၅၀ မီလီလီတာ)
ဗနီလာ အနံ့ – (၁) ဇွန်း
Icing Sugar – (၂) ဇွန်း
ခရုပုံ ချောကလက်

ပထမဦးစွာ ကြက်ဥ (၅) လုံးကို ရေ၊ ထောပတ်အရည်တို့နဲ့မွှေပါ။ လက်နဲ့ မွှေစက်ရှိရင်တော့ ပိုအဆင်ပြေပါတယ်။ ပြီးရင် ကိတ်ဂျုံမှုန့်၊ ဒိန်ချဉ်တို့ကိုထည့်မွှေပေးပါ။ စေးစေးပိုင်ပိုင်အနေအထားရတဲ့အခါကြရင် မုန့်ဖုတ်ဖိုထဲမှာ ထောပတ်အနည်းငယ်သုတ်ပြီး မုန့်ဖုတ်ရင် သုံးတဲ့ ဆီစိမ်စက္ကူကို မုန့်ဗန်းပေါ်မှာထားပြီး မုန့်နှစ်ကိုထည့်ပါ။ အိမ်သုံး Oven ကို အပူချိန် (၁၈၀) အပေါ်မီး၊ အောက်မီးဖြင့် ဖုတ်ပေးပါ။ Oven မသုံးလိုပါက ထမင်းပေါင်းအိုးနဲ့ ပြုလုပ်နိုင်ပါတယ်။ မိနစ် (၃၀) လောက်ဖုတ်ပြီးတဲ့အခါ အနံ့လေးမွှေးလာပြီဆိုရင် တူလေးနဲ့ ထိုးကြည့်ပါ။ မုန့်နှစ်တွေကပ်ပါမလာတော့ရင်ကိတ်မုန့်ကိုရပါပြီ။ ကိတ်မုန့်ကို အအေးခံထားပါ။

ကိတ်မုန့်ဖုတ်နေတဲ့အချိန်မှာ အလှဆင်ဖို့ ခရင်မ်ပြင်ဆင်ပါ့မယ်။ Topping Cream ကို ဗနီလာအနံ့ရည်နဲ့ Icing Sugar ထည့်ပေးပါ။ မွှေစက်ဖြင့် (၁၅) မိနစ်ခန့်မွှေပေးပါ။ ခရင်မ်ပုံစံမရမရချင်းမွှေပါ။ လျှို့ဝှက်ချက်က Topping Cream ကိုမမွှေခင် အအေးခံပေးပါ။ ကိတ်မုန့်လည်းအေးပြီ၊ ခရင်မ်လည်းရပြီဆိုရင် ကိတ်မုန့်တစ်ခုလုံးကို စပြီးခရင်မ်သုတ်ပေးပါ။ ပိုတဲ့ခရင်မ်ကိုနာမည်စာလုံးရေးရန်ဖယ်ထားပါ။ ရေခဲသေတ္တာအအေးခန်းထဲသို့ (၁၀) မိနစ်ခန့်ထည့်ပါ။ ပြီးရင် ရေလုပ်ဖို့အတွက် ဂျယ်လီအပြာကို အနည်းငယ်ချေပါ။ ကိတ်မုန့်ပေါ်မှာ အလှဆင်ပါမယ်။ ရေလုပ်မယ့် ဂျယ်လီများပြုတ်မကျစေဖို့ ဘီစကွတ်ချောင်းလေးများနဲ့ကိတ်ပေါ်မှာနေရာလျာထားပေးပါ။ ခရင်မ်ထဲကို ဘီစကွတ်ချောင်းလေးများမြှုပ်ပါ။ အဲ့ဒီအကွက်ထဲကို ဂျယ်လီအပြာများဖြည့်ပါ။ ရေလှိုင်းပုံစံနဲ့တူအောင်ခရင်မ်ဖြူကို အနည်းငယ်ရောပါ။ ဘီစကွတ်ချောင်းလေးများကို အညီအညာ ကပ်ကပ်လေးစီပါ။ အပြည့်စီချင်လည်းရပါတယ်။ ခရုပုံချောကလက်များကို ရေရဲ့အောက်ခြေနားတွင်စီပါ။ နာမည်ရေးဖို့အတွက် ဂျယ်လီပြာနဲ့ ခရင်မ်အနည်းငယ်ရောပြီး ခရင်မ်ထည့်အိတ်ထဲမှာထည့်ကာ ရေးနိုင်ပါတယ်။ ခရင်မ်ထည့်အိတ်မရှိပါက ပလတ်စတစ်အိတ်၊ဖစ်လော့အိတ်ထဲထည့်ကာ အပေါက်သေးသေးလေးဖောက်ပြီး ပုံဖော်နိုင်ပါတယ်။ စိတ်ရှည်ဖို့တော့လိုပါတယ်။ အားလုံးပြီးရင်တော့ရေခဲသေတ္တာအောက်ထပ်တွင် (၅) နာရီခန့်ထားပေးပါ။ အရသာလည်းရှိ၊ ပုံလည်းဆန်းတဲ့ ကိတ်မုန့်လေးလည်းရပါပြီ။ ကိုယ့်မိသားစုဝင်တွေ၊ သူငယ်ချင်းတွေ မွေးနေ့မှာ ကိုယ်တိုင်လုပ်ကိတ်မုန့်လေးနဲ့ Surprise လုပ်နိုင်ကြပါစေ။ ■





# သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို ကြောက်စရာမလိုဘဲ မေးသင့်တဲ့မေးခွန်း (၃) ခု

ငယ်ငယ်က ရုပ်ရှင် ဇာတ်ကားတွေ တော်တော်များများ ကြည့်ပြီးတော့ ငါကြီးလာလို့ အလုပ်လုပ်တဲ့အခါမှာတော့ အလုပ်မှာ ကိုယ်နဲ့အတူတွဲလုပ်ရမယ့်သူတွေနဲ့ပြိုင်ရမှာပဲလို့တွေးမိခဲ့ပါတယ်။ ကျွန်တော်တို့တွေ အလုပ်ထဲမှာ လစာတိုးဖို့ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြမယ်၊ ရာထူးတိုးခံရဖို့ အပြိုင်အဆိုင် အလုပ်လုပ်ကြရမယ်၊ သူဌေးရဲ့အမြင်မှာ အရမ်းကိုအားကိုးရတဲ့ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့အပြိုင်အဆိုင် လုပ်ကြရမယ်လို့ ထင်ကောင်းထင်မိလိမ့်မယ်။ ရုပ်ရှင်တွေအများစုမှာလုပ်ငန်းခွင်ကိုဒီလိုမျိုးပဲသရုပ်ဖော်တာကိုး။

ဒါပေမဲ့လည်း တကယ်တမ်း ကျွန်တော် လုပ်ငန်းခွင်ထဲ စဝင်တော့ လုပ်ဖော်ကိုင်ဘက်တွေနဲ့ ပြိုင်ဆိုင်ဖို့ဆိုတာ ဘာမှအရေးမပါတဲ့ကိစ္စရပ်ပဲဆိုတာကျွန်တော်ချက်ချင်းပဲသဘောပေါက်လာခဲ့ပါတယ်။ တကယ်တမ်းကျတော့ ကိုယ်နဲ့အတူတွဲလုပ်တဲ့လုပ်ဖော်ကိုင်ဘက်တွေဆိုတာကကိုယ့်အတွက်တကယ့်ကိုမယုံကြည်နိုင်လောက်အောင်ကောင်းတဲ့မိတ်ဆွေကောင်းတွေဖြစ်နေသလို တစ်ဖက်မှာလည်း ကိုယ့်ကိုပြန်ပြီးဝေမျှပေးနိုင်မယ့် အသိပညာဗဟုသုတတွေ အများကြီး သူတို့တွေဆီမှာ ရှိနေပါတယ်။ ဒါကြောင့်မို့တကယ့်ကိုခေါင်းသုံးပြီးထက်ထက်မြက်မြက် အလုပ်လုပ်တတ်တဲ့သူနဲ့များ သင်တွဲလုပ်နေရပြီး သူ့ကို ကိုယ်သိချင်တာမျိုးမေးဖို့ရှိန်နေတာမျိုး၊ တွေဝေနေတာမျိုး ဖြစ်တတ်ပါတယ်။ အောက်ပါအချက်တွေကတော့ သင့်ရဲ့လုပ်ဖော်ကိုင်ဘက်တွေကို ဘာမှရှိန်မနေဘဲသက်တောင့်သက်သာ ပြောဆိုမေးမြန်းနိုင်စေလာနိုင်ပါတယ်။

## 1 ဒါကို ဘယ်လိုလုပ်ရလဲ သင်ပြပေးပါ။

သင်ဟာ သင့်အဖွဲ့ထဲက လုပ်ဖော်ကိုင်ဖက်တချို့နဲ့ အဆင့်ချင်းတူနေတာမျိုးရှိပါတယ်။ ဒီလိုအချိန်မျိုးမှာ ကိုယ်နားမလည်တဲ့အပိုင်းမျိုးကို ကိုယ်နဲ့အဆင့်ချင်းတူတဲ့ သူတို့တွေလည်းနားမလည်မှာမဟုတ်လောက်ပါဘူးလို့သင်တွေးနေမိမယ်ဆိုရင်တော့သင်ဟာ ရယ်စရာကောင်းတဲ့လူတစ်ယောက်ဖြစ်နေပါလိမ့်မယ်။

သင့်နဲ့ တွဲလုပ်တဲ့သူတွေဟာ သင်နဲ့ လစာရတာချင်း အတူတူ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့လည်း သင်တို့အားလုံးကို ဒီအလုပ်ထဲကိုမတူညီတဲ့ အခြေအနေတွေ၊ မတူညီတဲ့ အသိပညာတွေ ကိုယ်စီကိုယ်ငှနဲ့ ရောက်လာကြတဲ့သူတွေပါ၊ ဆိုလိုချင်တာက လူတိုင်းလူတိုင်းမှာမတူညီတဲ့အားနည်းချက်တွေရှိသလိုပဲ၊ မတူညီတဲ့ အားသာချက်တွေနဲ့ အတွေ့အကြုံတွေလည်းရှိပါတယ်။ ဒီတော့ ကိုယ့်ဘက်ကတစ်ခုခုမကျွမ်းကျင်တာရှိလာရင် ကိုယ်နဲ့ အလုပ်အတူတွဲလုပ်နေတဲ့ သူတွေကိုအမြဲတမ်းမေးပါ။

## 2 နေ့လည်စာ အတူစားရအောင်။

အလုပ်ထဲမှာ အလုပ်တွေနဲ့ပဲ အမြဲပိနေတတ်တာတွေ လူတော်တော်များများ ကြုံရနိုင်ပါတယ်၊ “ အို၊ အလုပ်တွေက လုပ်စရာတွေတစ်ပုံကြီးရှိသေးတာပဲ၊ ထမင်းကိုတော့ ကိုယ့်ဘာသာပဲ စားပွဲမှာပဲ စားလိုက်တော့မယ်ကွာ” လို့ ဆိုတာမျိုး သင် ရုံးမှာ ဖြစ်နေတတ်ပါတယ်။ ကျွန်တော် လုပ်ငန်းခွင်ထဲ စဝင်ခါစတုန်းက နေ့တိုင်းနီးပါး အဲဒီလိုမျိုးဖြစ်နေတတ်ပါတယ်၊ ခုလိုကိုယ့်စားပွဲမှာပဲစားတာက ထမင်းစားနေရင်း အင်တာနက်ပါသုံးလို့ရပါသေးတယ်၊ ဒါပေမဲ့လည်း ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်အဖွဲ့သားတွေနဲ့ အတူတူအချိန်ပေး သွားမစားနိုင်တဲ့အတွက်သူတို့တွေဆီကနေသိနိုင်ရနိုင်တာတွေကိုတော့ ကျွန်တော်မရခဲ့ပါဘူး။

ပထမတော့ ဒါက သိပ်မကောင်းတဲ့အရာတော့မဟုတ်ဘူးလို့ ထင်ချင်ထင်နိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်ကတခြားသူတော်တော်များများကလည်း ဒီလိုမျိုးပဲဖြစ်နေတတ်လို့ပါ၊ ဒါပေမဲ့နောက်ဆုံးမှာတော့ ကျွန်တော်တို့လိုလူနည်းစုလောက်ကပဲဒီလိုပုံစံမျိုးစားနေတာကိုတွေ့ရပါတော့တယ်၊ ကျွန်တော်ရဲ့တခြား လုပ်ဖော်ကိုင်ဖက်တွေ တော်တော်များများကတော့ ရုံးပြင်မှာ ပျော်ပျော်ပါးပါးအတူတွဲသွားတွဲလားစားသောက်နေတာကိုကျွန်တော်နောက်ဆုံးကျမှ သတိထားမိသွားပါတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကျွန်တော်တို့တွေကတော့အနီးစပ်ဆုံး သူငယ်ချင်းတွေဖြစ်နေကြဆဲပါ။

ဒါကြောင့်မို့ သင့်အနေနဲ့ ကိုယ့်ဘာသာကိုယ်ပဲ နေတတ်သလို နေတတ်တာမျိုးကနေရုန်းထွက်နိုင်အောင် ကြိုးစားပါ၊ သင့်ရဲ့နေ့လည်စာစားချိန်မှာ ကိုယ့်လုပ်ဖော်ကိုင်ဖက်တစ်ယောက်ယောက်ကို ကိုယ်နဲ့အတူတူ သွားစားနိုင်မလား မေးပါ။ သူတို့နဲ့အတူ မိနစ်အနည်းငယ်လောက် အပြင်ကိုထွက်ပြီး စားနိုင်အောင်ကြိုးစားပါ။

## 3 အလုပ်တွေ အရမ်းများနေရင် မင်းတို့ဘယ်လိုမျိုးများ ရှင်းကြသလဲ ?

ကိုယ်လုပ်ရမယ့် အလုပ်တွေ ပုံနေတာမျိုးနဲ့ကြုံရတိုင်းစိတ်မသက်မသာဖြစ်နေရတဲ့အခိုက်အတန့်မျိုး မကြာခဏဆိုသလို သင့်မှာ ရှိနိုင်ပါတယ်။ စနေ၊ တနင်္ဂနွေ ရောက်တော့မယ် အီးမေးလ်တွေ တစ်ပုံကြီးရှိနေပြီးတော့ အဲဒါတွေကို သင့်ဖွင့်ဖတ်ဖို့ မအားဖြစ်နေတာမျိုး၊ နောက်ပြီး ကိုယ့်အလုပ်စားပွဲမှာ ရှိမနေနိုင်တဲ့အခါမျိုး အလုပ်တွေ ရောက်လာတာမျိုးနဲ့ကြုံရနိုင်ပါတယ်။

ဒီလိုအခြေအနေမျိုးကို ဘယ်လိုမျိုးကျော်ဖြတ်ရမလဲဆိုတာ မသိတော့ဘူး၊ မရှင်းလင်းဘူးဆိုရင် သင့်လိုအခြေအနေမျိုးအောက်မှာ သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ ဘယ်လိုများလုပ်ကြသလဲဆိုတာမေးပါ။ သူတို့တွေဟာ ရုံးပိတ်ရက် စနေ ၊တနင်္ဂနွေမှာ email inbox ကို ဖွင့်ကြည့်ကြတတ်တာလား၊ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် သူတို့ အေးအေး

o ⅅ

ဆေးဆေးနေနေကြသလား၊ သူဌေးဆီကမေးလ်တွေကို သူတို့တွေ ချက်ချင်းပြန်ပို့ကြသလား၊ ဒါမှမဟုတ် တနင်္လာနေ့မနက်ကျမှပဲ လုပ်ကြမှာလား၊ ဆိုတာမျိုး မေးကြည့်ပါ။

အဲဒီလိုတွေမှမဟုတ်ဘဲ သူတို့ရဲ့ဖုန်းတွေမှာ အလုပ်နဲ့ပတ်သက်တာတွေ လုပ်နိုင်တဲ့ Application တွေ ရှိနေသလား၊ ဒါမျိုးတွေကိုသင်မမေးဘူးဆိုရင်သင့်အတွက်ဘာလုပ်ရမှန်းသိမှာမဟုတ်ပါဘူး။ တကယ်လို့မေးလိုက်လို့များကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်က ကိုယ့်ကို အပျင်းထူတယ်လို့ထင်မှာ သင်ကြောက်နေတယ်ဆိုရင်လည်း အဲဒီအတွက်မစိုးရိမ်ပါနဲ့။ ခုလိုမျိုးကျန်းမာရေးနဲ့ အလုပ်နဲ့ ချိန်ညှိနေရတဲ့ ခုခေတ်ကာလအခြေအနေမျိုးမှာသင့်ကိုအလုပ်အရမ်းလုပ်တယ်လို့တောင် သူတို့တွေက ထင်ကြမှာပဲဖြစ်ပါတယ်။

သင်နဲ့သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေအကြားက ဆက်ဆံရေးကောင်းကောင်းရဖို့ တည်ဆောက်ရတာက တကယ်တော့ ရိုးရိုးရှင်းရှင်းနဲ့တော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ကိုယ်မကျွမ်းကျင်တာမျိုး၊ ကိုယ်မလုပ်ချင်တဲ့အရာမျိုးတွေကိုသင်က သင့်လုပ်ဖော်ကိုင်ဖက်ကိုပေးသိစေချင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်တမ်းမှာတော့ တစ်နေ့တာမှာ တခြားသူတွေအားလုံးထက်စာရင် သင့်ရဲ့အလုပ်ထဲက လုပ်ဖော်ကိုင်ဖက်တွေနဲ့က တွေ့တဲ့အချိန် ပိုများလှပါတယ်။ ဒါကြောင့်မို့လို့ကိုယ့်ရဲ့အလုပ်ထဲကလက်တွဲလုပ်ကိုင်သူတွေဆီက မေးခွန်းတွေမေးဖို့တွန့်ဆုတ်နေတာမျိုး ရှောင်ကို ရှောင်သင့်ပါတယ်၊ အဲဒီလိုတွန့်ဆုတ်နေရင် သင်အရင်က သိမထားတဲ့အကြောင်းအရာမျိုး သူတို့တွေဆီက သိရဖို့မဖြစ်နိုင်ဘူး၊ နောက်ပြီး အံ့အားသင့်စရာကောင်းတဲ့ လူတွေနဲ့ သိကျွမ်းနိုင်ခွင့်ရဖို့တောင် သင်ဆုံးရှုံးရနိုင်ပါတယ်။ ■

## ကမ္ဘာ့စီးပွားရေးကိုအရေးပေါ်တွန်းအားပေးသွားဖို့ လိုနေပြီဆိုပြီး ဂျီ၂၀ နိုင်ငံတွေကို IMF နဲ့ အမေရိကန်တို့ကတိုက်တွန်း

လက်ရှိ နေးကွေးတုန့်ဆိုင်းနေလျက်ရှိတဲ့ ကမ္ဘာ့စီးပွားရေးကို တွန်းအားပေးမြှင့်တင်နိုင်ဖို့အတွက် ဂျီ၂၀ အုပ်စုဝင်နိုင်ငံတွေအနေနဲ့ ယခုထက်ပိုမိုလုပ်ဆောင်သွားဖို့ လိုအပ်နေပြီဆိုပြီး နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့(IMF) က တိုက်တွန်းပြောကြားသွားပါတယ်။ တရုတ်နိုင်ငံမှာကျင်းပတဲ့ကမ္ဘာ့ထိပ်တန်းစီးပွားနိုင်ငံတွေကခေါင်းဆောင်တွေ တွေ့ဆုံပွဲမှာ ယခုလိုမျိုး ထပ်မံတောင်းဆို တိုက်တွန်းမှုတွေ ထွက်ပေါ်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဥရောပသမဂ္ဂ (အီးယူ) ကနေထွက်ဖို့ ဗြိတိန်တို့ရဲ့မဲခွဲဆုံးဖြတ်မှုဖြစ်စဉ်ကြောင့်လည်း နေးကွေးလေးလံနေတဲ့ ကမ္ဘာ့စီးပွားရေးကို လမ်းကြောင်းမှန်ပေါ်ကနေ ထပ်မံသွေဖီနိုင်စေမယ့် အခြေအနေတွေ မြင်နေရတယ်ဆိုပြီး IMF က သတိပေးသွားပါတယ်။

**Bangkokpost**

## ဒိုဘားမားရဲ့ဖိတ်ကြားချက်ကို လက်ခံပြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန်သို့သွားရောက်မည်



အမေရိကန် ပြည်ထောင်စုကို အလည်အပတ်ခရီးလာရောက်ဖို့ သမ္မတ အိုဘားမားရဲ့ဖိတ်ကြားချက်ကို နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည့်က လက်ခံလိုက်တယ်လို့ အစိုးရအဖွဲ့က ဇူလိုင် ၂၁ ရက်မှာပြောကြားလိုက်ပါတယ်။ ယင်းခရီးစဉ်ဟာဆိုရင် ပြီးခဲ့တဲ့ ရွေးကောက်ပွဲကာလနောက်ပိုင်းပထမဆုံးအကြိမ် သမ္မတအိုဘားမားနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ပြန်လည်တွေ့ဆုံသွားဖို့လည်း ရှိနေပါတယ်။

"ဖိတ်ကြားချက်ကို အန်တီက လက်ခံခဲ့ပါတယ်၊ နှစ်ဖက်အဆင်ပြေမယ့် ခုချိန်မှာ သွားဖို့လည်း ဆွေးနွေးသွားမှာဖြစ်ပါတယ်" လို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ဒေါ်အေးအေးစိုးကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမေရိကန်ခရီးစဉ် သွားရောက်မယ့်ရက်အတိအကျနဲ့ပတ်သက်လို့ ယခုထက်ထိ ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် လာမယ့် နိုဝင်ဘာ အမေရိကန်ရွေးကောက်ပွဲကာလနဲ့ သမ္မတအိုဘားမား ရာထူးကနေမထွက်ခွာခင်သွားရောက်မှာဖြစ်တယ်လို့ မျှော်မှန်းရပါတယ်။

**AFP**

## မြန်မာနိုင်ငံဟာအိမ်နီးချင်းနိုင်ငံများနဲ့ယှဉ်လျှင်ပို့ဆောင်ရေး အခြေခံအဆောက်အဦကဏ္ဍမှာနောက်ကျလျက်ရှိ

မြန်မာနိုင်ငံရှိ လူဦးရေ သန်း ၂၀ သို့မဟုတ် ကျေးလက်နေလူဦးရေ ထက်ဝက်ခန့်ဟာရာသီမရွေးအသုံးပြုနိုင်တဲ့လမ်းများမရှိတဲ့ကျေးရွာများမှာ နေထိုင်လျက်ရှိပြီး ပို့ဆောင်ရေး အခြေခံအဆောက်အအုံအရ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ ယှဉ်ရင် နောက်ကျလျက်ရှိပါတယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ရဲ့မြန်မာပို့ဆောင်ရေးကဏ္ဍ မူဝါဒဆိုင်ရာစာတမ်းသစ်မှာဖော်ပြထားပါတယ်။

မူဝါဒဆိုင်ရာစာတမ်းသစ်အရ မြန်မာနိုင်ငံအနေနဲ့ ၂၀၃၀ ခုနှစ်အရောက်တွင် ပို့ဆောင်ရေးရင်းနှီးမြှုပ်နှံမှုအတွက် ဒေါ်လာ ၄၅ ဘီလီယံမှ ၆၀ ဘီလီယံ အထိ လိုအပ်မယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မြင့်မားတဲ့အလားအလာကိုရရှိပိုင်ဆိုင်နိုင်စေရန်နဲ့ ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှုတို့ကိုလျှော့ချနိုင်စေရန်တို့အတွက်ပို့ဆောင်ရေးကဏ္ဍရှိဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုများနဲ့ရှေ့ဆောင်လှုပ်ရှားမှုအသစ်များက တွန်းအားပြု မောင်းနှင်ပေးနိုင်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ မူဝါဒဆိုင်ရာ စာတမ်းအသစ်က ဆိုပါတယ်။

**SFJ Team**

## အကြီးအကျယ်အရှုံးပေါ်ထားခဲ့ပြီးနောက်မှာတော့ Microsoft ကုမ္ပဏီ အမြတ်ပြန်ပေါ်

ယခုနှစ် ဒုတိယသုံးလပတ်အကုန်မှာပဲ ကုမ္ပဏီအနေနဲ့ အကျိုးအမြတ် ရရှိမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ရရှိခဲ့တယ်ဆိုပြီး အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ Microsoft က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ယမန်နှစ်အလားတူကာလတုန်းကတော့ယင်းရဲ့မိုဘိုင်းဖုန်းထုတ်လုပ်ရေးလုပ်ငန်းတွေကြောင့် အကြီးအကျယ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ထားခဲ့ရာကနေ ယခုအခါမှာ လုပ်ငန်းပိုင်း ပြန်လည်အမြတ်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

"ပြီးခဲ့တဲ့နှစ်ကတော့ကျွန်တော်တို့ရဲ့လုပ်ငန်းပိုင်းအသွင်ပြောင်းလဲဖော်ဆောင်ခဲ့တာရော၊ဖောက်သည်တွေနဲ့ပူးပေါင်းဆောင်ရွက်မှုပိုင်းအတွက်ပါ အဓိကကျခဲ့ပါတယ်" ဆိုပြီး ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ် Satya Nedella က ပြောသွားပါတယ်။

**The economic Times**

## မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုနိုင်ဖို့ အမေရိကန်အစိုးရမှ ကန်ဒေါ်လာ ၂၁ သန်းထောက်ပံ့

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ပြည်တွင်းအလုပ်ကိုင်အခွင့်အလမ်း မြင့်တင်လာဖို့အတွက် အမေရိကန်အစိုးရမှ ကန်ဒေါ်လာ ၂၁ သန်းပေးအပ်ကူညီထားတယ်လို့သံရုံး ထုတ်ပြန်ချက်အရ သိရပါတယ်။

အရပ်သားအစိုးရမှ (၅) နှစ်တာအတွင်း နိုင်ငံပို့ကုန် (၃) ဆ မြင့်တက်လာဖို့ ရည်မှန်းထားပြီး ကန်အစိုးရရဲ့လက်ရှိထောက်ပံ့ပေးအပ်မှုကယင်းရည်ရွယ်ချက်ကိုအထောက်အကူပြုနိုင်ဖို့ မျှော်လင့်ပါတယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အိုဘားမားရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာဒုတိယအကြံပေးပုဂ္ဂိုလ် Ben Rhodes က" မြန်မာနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုရဲ့စိတ်ဝင်စားမှုကဘာပါလဲ။ ခင်ဗျားတို့ အောင်မြင်နေတာကို မြင်တွေ့ရဖို့အတွက် ကျွန်တော်တို့တစ်တွေ ဒီမှာရှိနေတာပါ။

ခင်ဗျားတို့ရဲ့အောင်မြင်မှုမှာ ကျွန်တော်တို့တစ်တွေ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။မြန်မာနိုင်ငံပိုပြီးအောင်မြင်မှုရလေလေ၊ ဒီမိုကရေစီဆိုတာ ပြည်သူလူထုအတွက် အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတဲ့ ပိုမိုကောင်းမွန်တဲ့နမူနာကိုကမ္ဘာတစ်ဝန်း ပိုပြီးပြသနိုင်လေလေဖြစ်ပါတယ်" လို့ ပြောပါတယ်။

**SFJ Team**

## ကမ္ဘာ့ဆန်တင်ပို့မှုကဏ္ဍတွင် မြန်မာနိုင်ငံက မိမိတို့ထက် သာသွားနိုင်ကြောင်း ဗီယက်နမ်ပြော



မြန်မာနိုင်ငံဟာဆိုရင် ဆန်စိုက်ပျိုးမှုပိုင်းမှာ မြောက်မြားစွာသော အခွင့်အလမ်းကောင်းတွေအများကြီးပိုင်ဆိုင်ထားတယ်လို့ဗီယက်နမ်ရဲ့ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်ဖြစ်သူVo Tong Xuan က ပြောပါတယ်။

မြန်မာရဲ့မြေဧရိယာဟာ ဗီယက်နမ်ထက် သုံးဆလောက် ပိုမိုကြီးမားသလို မြေဆီမြေသြဇာကလည်း ပိုမိုကောင်းမွန်နေတယ်လို့ ဆိုပါတယ်။ အလားတူနိုင်ငံမှာ အဓိကမြစ်ကြီးတစ်စင်းရှိနေတဲ့အတွက်ယင်းမြစ်က စပါးစိုက်ပျိုးမှုတွေအတွက်အဓိကရေအရင်းအမြစ်ကြီးဖြစ်နေတယ်လို့ Xuanကပြောပါတယ်။တစ်ချိန်တည်းမှာပဲ အလုပ်သမားစရိတ်ရော တခြားကုန်ကျစရိတ်ပိုင်းမှာပါသက်သာနည်းပါးနေတာကြောင့် ဆန်စပါးထုတ်ကုန်ကို တခြားပို့ကုန်နိုင်ငံတွေနဲ့ ဈေးနှုန်းပိုင်းမှာ ကောင်းကောင်း ယှဉ်ပြိုင်နိုင်တယ်လို့လည်း ပြောပါတယ်။

**vietnamnet.vn**

## စမတ်ဖုန်းဂိမ်းသစ်ရဲ့အောင်မြင်မှုကြောင့် Nintendo ကုမ္ပဏီ ရှယ်ယာတန်ဖိုး နှစ်ဆတက်လာ

Pokemon Go ဂိမ်း ထွက်ရှိထားပြီးနောက်ပိုင်း ဂျပန်ကုမ္ပဏီ Nintendo ရဲ့အစုရှယ်ယာဈေးနှုန်းပိုင်းမှာတော့ ဇူလိုင်လ ၁၉ ရက်မှာတော့နောက်ထပ်၁၄ရာခိုင်နှုန်းထပ်မံမြင့်တက်သွားခဲ့ပါတယ်။

အမေရိကန်နိုင်ငံမှာPokemon Go ဂိမ်း စတင်မိတ်ဆက်ထားတာရက်သတ္တပတ်အနည်းငယ်ပဲ ရှိသေးပေမယ့် ဂျပန်ဂိမ်းကုမ္ပဏီရဲ့ဈေးကွက်အစုရှယ်ယာတန်ဖိုးဟာကန်ဒေါ်လာ ၄၂ဒသမ၅ဘီလီယံ(ယန်းငွေ၄ဒသမ ၅ ထရီလီယံ) ကျော်ထိ ယခင်ထက်နှစ်ဆကျော်တိုးတက်သွားခဲ့ပါတယ်။

ဥရောပနဲ့အမေရိကဒေသ၊အာရှနိုင်ငံတချို့အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှာ ကစားလို့ရနေပြီဖြစ်တဲ့ Pokemon Go ဂိမ်းရဲ့ မကြုံစဖူးအောင်မြင်မှုတွေကြောင့် ဂိမ်းထုတ်လုပ်သူ ကုမ္ပဏီ Nintendo ရဲ့ ရှယ်ယာတွေကို အကြီးအကျယ် ဝယ်ယူနေကြပြီဖြစ်ပါတယ်။

"အချိန်တိုလေးအတွင်းမှာပဲ ကုမ္ပဏီကြီးတစ်ခုရဲ့ အစုရှယ်ယာတန်ဖိုးတွေ ခုလောက်ထိ မြင့်တက်သွားတာမျိုး အရင်က တစ်ခါမှ မမြင်ခဲ့ဖူးပါဘူး" လို့ ဆိုပြီး Okasan Securities မှ အဆင့်မြင့်ဗျူဟာကျွမ်းကျင်သူ Takashi Oba ကပြောပါတယ်။

**CNA**

# Profit's Not Always The Point

**Strategy First** Times ရဲ့ Ted Talk ကဏ္ဍ Ted. com က ကမ္ဘာ ကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်း တွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကိုအပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Harish Manwani ရဲ့ Profit's Not Always The Point ဆိုတဲ့ ဗီဒီယိုကိုဖော်ပြထားပါတယ်။

တစ်ကမ္ဘာလုံးမှာ ထိပ်ဆုံးမှာ ရောက်နေတဲ့ လုပ်ငန်းစုကြီးတစ်ခုရဲ့ COO(Chief Operating Officer) ဖြစ်တဲ့သူကအလုပ်လုပ်တဲ့အခါမှာတစ်ခါတစ်လေကျရင်အကျိုးအမြတ်ရဖို့က အဓိကမကျဘူးလို့ ပြောလာတဲ့အခါမှာနည်းနည်းတော့ထူးဆန်းတယ်လို့ထင်ရပါတယ်။ အကျိုးအမြတ်က အဓိကမကျဘူးဆိုရင် ဘာဖြစ်လို့ သူတို့က အကျိုးအမြတ်တွေ အရမ်းရပြီး ချမ်းသာနေအောင် လုပ်သလဲလို့ တွေးမိပါမယ်။ ဒါပေမဲ့ ဒီဗီဒီယိုမှာ Harish Manwani က ရည်ရွယ်ချက်၊ တန်ဖိုးထားမှု၊ တာဝန်ကြီးတဲ့ ဆုံးဖြတ်ချက်ချမှုစတာတွေကိုပြောပြထားပြီးတော့ ၂၁ ရာစုမှာ လုပ်ငန်းတစ်ခုကို ဘယ်လိုကောင်းကောင်း ကိုင်တွယ်ရမလဲဆိုတာကို ပြောပြထားပါတယ်။




Harish Manwani ဟာ Unilever ရဲ့ အမာခံလူလို့ ပြောလို့ရပါတယ်။ ၁၉၇၆ ခုနှစ်မှာ Management Trainee အနေနဲ့ဝင်ရောက်ခဲ့ပြီးအခုတော့ COO ဖြစ်နေပါပြီ။ အလုပ်ဝင်ကာစမှာသူ့အလုပ်ဟာ ဆပ်ပြာတွေရောင်းတဲ့အလုပ်လို့ထင်ထားခဲ့တယ်။ ဒါပေမဲ့ သူ့သူဌေးက "မင်းအလုပ်က လူတွေရဲ့ဘဝတွေကို ပြောင်းလဲပေးဖို့" လို့ပြောခဲ့တယ်၊ နှစ်ပေါင်းများစွာကြာတဲ့အခါမှာတော့ သူ့သူဌေးပြောခဲ့တဲ့အတိုင်း လုပ်ဆောင်နေပါပြီ။

ဝ၉

Unilever ရဲ့ Project Shakti ကနေအမျိုးသမီးတွေကိုကိုယ်ပိုင်လုပ်ငန်းငယ်လေးတွေ စတင်လုပ်ကိုင်ဖို့ သင်ကြားကူညီခဲ့ပုံ၊ တစ်ကမ္ဘာလုံးမှာ အကြီးဆုံး လက်ဆေး Campaign ကို Unilever ကလုပ်နေပုံနဲ့ လူပေါင်းဘီလီယံနဲ့ချီပြီးတော့ ရောဂါကင်းရှင်းရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကို နားလည်အောင် သွန်သင်ပေးနိုင်ခဲ့ပုံတွေကို ပြောပြထားပါတယ်။

"အဓိက.က ဆပ်ပြာရောင်းဖို့ မဟုတ်ပါဘူး၊ ဆပ်ပြာရောင်းတဲ့ Process ကိုလုပ်ကိုင်ရင်း လူတွေရဲ့ ဘဝတွေကို ပြောင်းလဲပေးသွားဖို့ပါ၊ သေးငယ်တဲ့လုပ်ဆောင်မှုတွေကနေ ကြီးမားတဲ့ ထူးခြားမှုတွေ ရရှိနိုင်ပါတယ်" လို့သူကပြောပါတယ်။







The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Naing Naing Zaw

**Senior Reporter/ Assistant Editor**
Thiha Ko Ko

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# နိုးနိုးချင်း ရေနွေးသောက်ခြင်းကြောင့် ရမယ့်အကျိုးကျေးဇူးများ

ဝဍ

သင်ဟာနံနက်နိုးနိုးချင်းမှာကော်ဖီတစ်ခွက် ဒါမှမဟုတ် လက်ဖက်ရည်တစ်ခွက်သောက်နေကျဖြစ်ကောင်းဖြစ်နိုင်တယ်။ဒါမှမဟုတ်လည်း လန်းဆန်းသွားအောင်ရေအေးတစ်ခွက်သောက်လေ့ရှိသလား။ဒီလိုမျိုးနံနက်ခင်းအလေ့အကျင့်လေးတွေထဲကတစ်ခုကိုပြောင်းလဲခြင်းနဲ့ကျန်းမာရေးအကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်။ဒါကတော့ ရေနွေးတစ်ခွက်သောက်တာပဲဖြစ်ပါတယ်။

နံနက်နိုးနိုးချင်းမှာရေနွေးတစ်ခွက်သောက်ခြင်းကြောင့် ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာနိုင်မယ့် အကျိုးကျေးဇူးတချို့ကို ဖော်ပြထားပါတယ်။





## 1 အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးပါတယ်။

ဘယ်သူမှ စောစောစီးစီး ရုပ်ရင့်တာကို မကြိုက်ပါဘူး၊ ဒါပေမဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆိပ်အတောက်တွေက ကျွန်တော်တို့ကို စောလျင်စွာ ရင့်ရော်စေပါတယ်။ ခန္ဓာကိုယ်ထဲမှာ အဆိပ်အတောက်တွေများလာတဲ့အခါမှာ ရောဂါဘယတွေလည်း ဝင်လာနိုင်ပါတယ်။ ဒီအဆိပ်အတောက်တွေကို ရေနွေးသောက်ခြင်းက ချေဖျက်ပေးနိုင်ပါတယ်။ ဒ့ါအပြင် ဆဲလ်တွေကိုပြုပြင်ပေးနိုင်တာကြောင့် အသားအရည်ကို တင်းရင်းစေပါတယ်။

## 2 ကိုယ်အလေးချိန်ကျစေပါတယ်။

နံနက်ပိုင်းရေနွေး သောက်လို့ အလေးချိန်ကျစေတယ်ဆိုတာဟုတ်ပါတယ်။ ရေနွေးက ခန္ဓာကိုယ်အပူချိန်ကိုတိုးစေပါတယ်၊ခန္ဓာကိုယ်အပူချိန်တိုးတာကြောင့် Metabolic Rate တိုးစေတာကြောင့် တစ်နေ့လုံး ခန္ဓာကိုယ်က ကယ်လိုရီတွေကို ပိုမိုလောင်ကျွမ်း ချေဖျက်စေနိုင်ပါတယ်။

ရေနွေးကိုသံပုရာသီးထည့်ကာ သောက်မယ်ဆိုရင် အဆီကိုချေဖျက်ရာမှာအထောက်အကူဖြစ်ပြီးတော့ သံပုရာက Pectin Fiber ပါတာကြောင့် အစားစားချင်စိတ်ကို ထိန်းချုပ်ပေးပါတယ်။

## 3 ရေနွေးက အစာခြေစနစ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။

ရေနွေးသောက်ခြင်းအားဖြင့်သင့်ခန္ဓာကိုယ်ရဲ့အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်ပါတယ်၊ သင့်ခန္ဓာကိုယ် ကြံ့ခိုင်ကျန်းမာစေဖို့အတွက် အစာခြေစနစ်ကို အထောက်အကူပြုနိုင်ပြီး ပိုပြီးအစာကြေလွယ်စေပြီးတော့ မလိုအပ်တဲ့အစာဟောင်းတွေကိုလည်း ကူညီရှင်းလင်း ဖယ်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

## 4 သွေးလည်ပတ်မှုကိုလည်း တိုးတက်ကောင်းမွန်စေပါတယ်။

သင် ရေနွေးတစ်ခွက်သောက်တိုင်း အာရုံကြောစနစ်ထဲမှာစုပုံနေတဲ့အရာတွေ၊ခန္ဓာကိုယ်ထဲက အဆီပိုတွေဟာလည်း ရှင်းလင်းသွားနိုင်ပါတယ်။ ဒီလိုမျိုး သောက်သုံးပေးခြင်းအားဖြင့်သင့်ခန္ဓာကိုယ်မှာရှိနေတဲ့အဆိပ်အတောက်တွေကိုလည်း ကူညီဖယ်ထုတ်ပေးပြီးတော့ တစ်ဖက်မှာသွေးလည်ပတ်မှုကိုပိုမိုအားကောင်းသွားစေပါတယ်။ ရေနွေးက ခန္ဓာကိုယ်ကို လန်းဆန်းတက်ကြွစေပြီးတော့ ကြွက်သားတွေ ပြေလျော့စေနိုင်သလို သွေးလည်ပတ်မှု၊ စီးဆင်းမှုတွေကို ပိုမိုကောင်းမွန်စေမှာပဲဖြစ်ပါတယ်။

## 5 ဝမ်းချုပ်ဝေဒနာမျိုးကိုလည်း သက်သာလျော့ပါးစေနိုင်ပါတယ်။

လူတော်တော်များများဟာ ဝမ်းချုပ်ခြင်းရဲ့အကျိုးဆက်အစာအိမ်အတွင်းကနေခံရခက်တဲ့ဝေဒနာအမျိုးမျိုးကို ခံစားရဖူးမှာပါ။ လူတစ်ယောက်ဟာ ဝမ်းချုပ်တာပဲဖြစ်ဖြစ်၊ ဝမ်းသွားနည်းတာပဲဖြစ်ဖြစ် ကြုံလာရပြီဆိုရင် ဒီလိုအစာအိမ်နာကျင်တဲ့ဝေဒနာမျိုး ခံစားရနိုင်ပါတယ်။ ဒီလိုဖြစ်ရတာက သင့်ခန္ဓာကိုယ်ထဲမှာရေဓာတ်မလုံလောက် လို့ ဒါမှမဟုတ် ရေမရှိလို့ပါ။ သင် နံနက်တိုင်း အစာမစားသေးခင် ရေနွေးတစ်ခွက်ကိုစသောက်ကြည့်မယ်ဆိုရင်သင်ဝမ်းသွားတာလည်း ပုံမှန်ဖြစ်သွားနိုင်သလို ဝမ်းချုပ်နိုင်တဲ့ အကျိုးဆက်တွေကိုလည်း လျော့ချသွားနိုင်ပါလိမ့်မယ်။ ■

FrieslandCampina

Friesland Campina is one of the world's five largest dairy companies, with roughly 20.000 employers and the annual revenue of 11.4 billion euro. Today we are serving the Myanmar Market with brands like Dutch Lady, Foremost, My Boy, Falcon and Yomost. We offer competitive salaries and attractive benefits package, as well as a dynamic working environment.

About the role-Distributor Sales Manager

- Handling day to day operation of distributor sales operation
- Ensure sales plans and key account strategies are implemented
- Responsible for direct selling in key carrier accounts, solving moderately complex issue from internal and external customers, variables to identify root cause within job area
- Lead the functional teams towards the launch and promotion of the product

Key criteria of Employability

- Customer Management
- Sales management, distributor/area management experience in FMCG/retail channel
- Understanding Business Sales Review, Cost and Budget Management
- Understanding Personnel Management and Team Development

Required skills & Character

- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills, Proficiency of MS Office and English knowledge will be a bonus
- Passionate team player, Pragmatic, Flexible and results-oriented
- must have valid driving license and willing to travel

Interested and qualified candidates are encouraged to send resume yuwah.mon@frieslandcampina.com or MICT Park, Building 18, Level 6, Hlaing Township, Yangon not later than 31st May 2016. 01-2305374/5 (ext; 122)

MD မြို့တော် မဥမ္မာ

သံပြား၊ ဟင်ဂလန်၊ ဖော်လို၊ သံပိုက်၊ စီချန်နယ် နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး

သံပြားဖြတ်ခေါက်ချိုးသံပန်း/သံတံခါး၊တွန်းလှည်း နှင့် သံဒါန်း/စတီးဒါန်းလုပ်ငန်း

STRATEGY FIRST မှ ကျောင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။

အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ။

အမှတ်(၁၃/၂၂၇)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ။

: 01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416

# စံ – ဇာဏီဘို ဟောစာတမ်း

၂၀၁၆ ဩဂုတ်(၁) ရက်နေ့မှ ၂၀၁၆ ဩဂုတ် (၁၄) ရက်နေ့အထိ



### တနင်္ဂနွေနေ့မွေးသူများ

အရာရာဆုံးဖြတ်ရခက်နေမည်။ အမှားဘက်သို့ စိတ်သာနေမည်။ တဒင်္ဂအကျိုးပေးသော အလုပ်ဖက်သို့ ဦးစားပေး၍ စိတ်အနှောင့်အယှက်ဖြစ်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ငွေကြေးကံကောင်းမည်။ လူဟောင်းများနှင့် လမ်းခွဲကာ လူသစ်နှင့်တွဲ၍ လုပ်မိကာ အရှုံးပေါ်တက်သည်။ ခရီးကိစ္စ အဆင်ပြေမည်။ ဥစ္စာကံ တိုးပွားမည်။ စနစ်တကျစီစဉ်ထားသည်များကို ရဲရဲရှေ့တိုးလုပ်ပါ။ ရုတ်တရက်ဆောင်ရွက်လိုက်သော ကိစ္စရပ်များသည် မိမိအတွက် အကျိုးရှိမည်။ သူတစ်ပါးကိစ္စကိုကိုယ်ရေးကိုယ်တာထက်ဦးစားပေးရမည်။ ကောင်းသတင်းနှင့်ကျော်ကြားခြင်းကြုံမည်။ ငွေအစုလိုက်သုံးစွဲရကိန်းကြုံမည်။ ဤကာလအတွင်းကံကောင်းစေသော အရောင် – အပြာရင့်ရောင်၊ နက်ပြာရောင်၊ မီးခိုးရောင် ။ အကျိုးပေးဂဏန်း – ၀၊ ၉၊ ၈၊ ၄ ။ ယတြာ – တောင်အရပ်ကို မျက်နှာမူ၍ ကြံ့ရည်သောက်သုံးပါ။

### တနင်္လာနေ့မွေးသူများ



ထူးခြားစွာတိုးတက်မည်။ လိုရာပြည့်မည်။ ဉာဏ်နှင့် အရာရာကို အောင်မြင်နိုင်သော ကာလဖြစ်သည်။ အလှူအတန်း၊ ဘုရားကျောင်းကန်သို့ သွားရင်း ထူးခြားသော အလုပ်များ၊ ငွေကြေးကံကောင်းခြင်းများကြုံမည်။ ဘာသာရေးနှင့်ပတ်သက်သည့် လက်ဆောင်ပစ္စည်းများ လက်ဆောင်ရရှိကာ အထူးကောင်းသည်။ အိပ်မက်ဆန်း၊ အတွေ့အကြုံဆန်းများ မြင်မက်ကြုံတွေ့တတ်သည်။ အမြတ်တနိုးသိမ်းဆည်းထားသော ပစ္စည်းပျောက်ရတတ်သည်။ အထားအသို ဂရုစိုက်ပါ။ မိမိရရှိထားသည့် အခွင့်အလမ်းများအား လိုက်လံလုပ်ယူသူပေါ်များမည်။ ယာဉ်ကားမောင်းနှင်မှု ဂရုစိုက်ပါ။ စာရွက်စာတမ်း၊ စာရင်းဇယားနှင့်ပတ်သက်၍ ပြဿနာဖြစ်မည်။ ကံကောင်းစေသောအရောင် – အပြာရောင်၊ ပန်းရောင်၊ ခရမ်းရောင် အကျိုးပေးဂဏန်း – ၆၊ ၃၊ ၄၊ ၇။ ယတြာ – နေအိမ်တွင်ရှိသော ဖန်ခွက်၊ မှန်ခွက်များကို ရှာဖွေစွန့်ပစ်ပါ။



### အင်္ဂါနေ့မွေးသူများ

အလုပ်အခွင့်အလမ်းများတွေ့မည်။ တွက်ချက်မှုများမှန်ကန်မည်။ ရင်းနှီးမြှုပ်နှံမှုတွင် ငွေကြေးအခက်အခဲရှိမည်။ ဥစ္စာနေတိုးပွားမည်။ ပညာအတတ်နှင့်ပတ်သက်၍အထူးကောင်းသည်။ မိမိကပေးသလောက် စိတ်ထားကောင်းသလောက် တစ်ပါးသူရသည်ဟုမမြင်။ ငွေကြေးကိစ္စများတွင်အမြဲဖြစ်စေ၊ မိခင်၏ သွေးသားရင်းချာများနှင့်ဖြစ်စေတွဲဖက်လုပ်ကိုင်၍အကျိုးရှိမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ဆိုင်းငံ့ထားသောလုပ်ငန်းများပြန်လည်စတင်နိုင်သည်။ နှောင့်နှေးကြန့်ကြာနေသောအလုပ်ကိစ္စများအဆင်ပြေမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အနီရောင်၊ ကြက်သွေးရောင်၊ အစိမ်းရောင်၊ အကျိုးပေးဂဏန်း – ၄၊ ၇၊ ၉၊ ၃ ။ ယတြာ – နေအိမ်၏တောင်အရပ်တွင်ရှိသော ဘုန်းကြီးကျောင်းတွင် ရေချမ်းကြွေခရားဒါနပြုပါ။

### ဗုဒ္ဓဟူးနေ့မွေးသူများ



ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ကောင်းသောအပြောင်းအလဲဖြစ်ပေါ်မည်။ ဥစ္စာငွေကြေးတိုးပွားမည်။ ကိုယ်ပိုင်အစွမ်းအစ အတတ်ပညာနှင့် တိုးတက်မည်။ တိုင်းတစ်ပါးဘာသာစကားများ လေ့လာရမည်။ အရပ်ဝေးမှ စာ၊ လူ၊ ပစ္စည်းများ အဆက်အသွယ်ရရှိမည်။ ကံအကြောင်းအရာထက် ဝီရိယနှင့် ဉာဏ်စွမ်းအားကြောင့် ထူးခြားသောတိုးတက်မှုရမည်။ ငွေကြေးကိစ္စသတိနှင့်ဆောင်ရွက်ပါ။ စိတ်ပျံ့လွင့်လွယ်ခြင်း၊ စိတ်ပြန်ခြင်းများကိုလျှော့ပါ။ အမေ၊ အဖွား၊ အဒေါ်နှင့်ပတ်သက်၍ ငွေဝင်ကိန်းပေါ်မည်။ ယာဉ်၊ ကား အဝင်မတော်ပါ။ စီစဉ်ထားသည်က တစ်မျိုး လက်တွေ့တစ်မျိုး ကစဉ့်ကလျားဖြစ်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – မီးခိုးရောင်၊ အပြာရောင်၊ အဝါရောင် ။ အကျိုးပေးဂဏန်း – ၇၊ ၉၊ ၂၊ ၀ ။ ယတြာ – ခရေပင်၏ တောင်ဘက်ကိုင်းအောက်တွင်ရပ်၍ အရှေ့အရပ်သို့ မျက်နှာမူကာ ချိုချဉ်စား၍လိုရာဆန္ဒပြုပါ။



### ကြာသပတေးနေ့မွေးသူများ

ကောင်းမယောင်နှင့်ဆိုးသောကာလဖြစ်သည်။ အရာရာသတိရှိရမည်။ မှန်းထားသည်များ လက်တစ်လုံးခြားဖြစ်မည်။ အံ့ချော်မည်။ အလိုအလျောက် စိတ်ယုတ်မာနှင့်တမင်ညစ်၍ မိမိအားစိတ်အနှောင့်အယှက်ပြုသောသူများနှင့် တွေ့ရတတ်သည်။ ပြဿနာများတတ်သည်။ တစ်ဖက်သူ မည်မျှအောက်တန်းကျသော စကားဆိုစေ အောက်တန်းကျစွာပြုစေ မိမိမှသည်းခံခြင်းပြုပါ။ ထိပ်တိုက်ရင်ဆိုင်ရန် အတင်းစေ့ဆော်မှုပြုသည့်တိုင်အောင်ရန်ကိုရှောင်ရပေမည်။ ပြဿနာဖြစ်က မိမိအားနစ်နာအောင် တမင်ပြုလုပ်ခြင်းဖြစ်ပါသည်။ ငွေကြေးနှင့်ပတ်သက်၍ စကားများရတတ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – နက်ပြာရောင်၊ မီးခိုးရင့်ရောင်၊ ခရမ်းရောင် ။ အကျိုးပေးဂဏန်း – ၂၊ ၈၊ ၉၊ ၅ ။ ယတြာ – စမုဆာ (၈) ခုကိုဝယ်၍ အမှန်တကယ် စားသုံးသူများအား ကျွေးမွေးဒါနပြုပါ။

### သောကြာနေ့မွေးသူများ



စိတ်ရှုပ်စရာများရှိပြီးနောက် ထူးခြားသော သတင်းကောင်းရမည့် ကာလဖြစ်ပါသည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် အနည်းငယ်စိတ်ရှုပ်ထွေးစရာများရှိလင့်ကစား အဆုံးပိုင်းတွင် အဆင်ပြေမည်။ ငွေကြေးနှင့်ပတ်သက်ပြီး သတိနှင့်လုပ်သင့်သော ကာလဖြစ်သည်။ အထင်လွဲမှားစရာများဖြစ်တတ်သည်။ ဖြေရှင်းရန်ခက်ခဲသော ပြဿနာများ ထိပ်တိုက်တွေ့ရတက်သည်။ မိမိအပေါ် ဒုက္ခပေးချောက်တွန်းသူများနှင့် တွေ့တတ်သည်။ ပြည်ပမှ ထူးခြားသော အဆက်အသွယ်၊ အခွင့်အလမ်းများ ရနိုင်သော အနေအထားရှိသည်။ ကျန်းမာရေးကို အထူးသတိထားရမည်။ အပြောင်းအလဲသစ်မှန်သမျှကို ဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ ကံကောင်းစေသောအရောင် – အညိုရောင်၊ အပြာရင့်ရောင်၊ မီးခိုးရောင် ။ အကျိုးပေးဂဏန်း – ၅၊ ၀၊ ၃၊ ၉ ။ ယတြာ – နဂါးရုံဘုရားတွင် ကြာပန်းပွင့်သွားရောက် လှူဒါန်းခြင်းပြုပါ။



### စနေနေ့မွေးသူများ

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရန် အခါကောင်းဖြစ်သည်။ သူတစ်ပါးနှင့်မတူသော အတွေးနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်နိုင်သည်။ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်၍မှန်ကန်မည်။ အရွေးရခက်အောင် အခွင့်အရေး (၂) မျိုး တစ်ပြိုင်နက်တည်းပေါ်မည်။ ဥစ္စာတိုးပွားမည်။ မိသားစုတွင် မူလတစ်ကြိမ်မှ မလုပ်ဖူးသေးသော အလုပ်သစ်၊ အကြံသစ်များလုပ်ရန် ကြုံမည်။ လုပ်၍လည်း အထူးအောင်မြင်မည်။ ပစ္စည်းပျောက်တတ်သည်။ ငွေကုန်များတတ်သည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အစိမ်းရောင်၊ အပြာရောင်၊ နက်ပြာရောင်၊ အကျိုးပေးဂဏန်း – ၆၊ ၃၊ ၇၊ ၀ ယတြာ – နေအိမ်၏ အနောက်အရပ်တွင် ရှိသော အသက်အရွယ်ကြီးရင့်သူတို့အား ဆေးဝါးဒါနပြုပါ။

ချမ်းမြေ့မေတ္တာ တံ့ပြန်ပါသည်။
စံ – ဇာဏီဘို





**LEARN ENGLISH**

# Phrasal Verbs ၀၉

Phrasal Verbs- Verb တစ်ခုနဲ့ Adverb တစ်ခု (ဥပမာ - break down) ဒါမှမဟုတ် Verb တစ်ခုနဲ့ Preposition တစ်ခု(ဥပမာ - see to) ဒါမှမဟုတ် verb နဲ့ adverb၊ preposition နှစ်ခုလုံး (ဥပမာ - Look down on ) တွဲလျက်ပါရှိတဲ့ စကားလုံးတွဲကို phrasal verbs လို့ခေါ်ပါတယ်။

ဒီ Exercise မှာ ပေးထားတဲ့ phrasal verbs တွေကို ဘယ်လိုအသုံးပြုရမလဲဆိုတာ လေ့ကျင့်နိုင်ပါတယ်။

- ပေးထားတဲ့ Phrasal Verbs များအတွင်းမှာ စကားလုံးများကိုသုံးပြီးကွပ်လပ်ဖြည့်ပါ။
- ကွင်းထဲမှာထည့်ထားတဲ့စကားလုံးများကို Phrasal Verbs များနှင့်တွဲသုံးပါ။
- Verb Form များကို စာကြောင်းပေါ်မူတည်၍ မှန်ကန်စွာပြောင်း၍သုံးပါ။

***clear up | come up with | drop off | let down | point out***

1. You can't rely on him. He's (me)__________ so many times.
2. I'll (the book) ________ at your place tomorrow.
3. He ________ a few things to us that we hadn't noticed.
4. He's clever, sharp and creative. He's always ______ new innovative ideas.
5. Has he______ the misunderstanding he caused?
6. We're going to meet again to______ the discrepancies in the contract.
7. When selling, you should always ______ the things that differentiate your product from your competitors.
8. See if you can______ a better way of doing it.
9. Could you (the letter) ______ at his office. It's for him - I received it by mistake.
10. I promised to help him and he's relying on me. I can't (him) ______ .

***Answers : (1) let me down (2) drop the book off (3) pointed out (4) coming up with (5) cleared up (6) clear up (7) point out (8) come up with (9) drop the letter off 10 let him down.***

# ICM Single Subject Diploma in Project Management ဩဂုတ်လတန်းခွဲသစ်

ဆောက်လုပ်ရေးလုပ်ငန်းများ၊ NGO များမှ Project Manager များ၊ Project တာဝန်ထမ်းဆောင်နေသူများနှင့် Project Management ဘာသာရပ်ကို စိတ်ဝင်စားသူများအတွက် Institute of Commercial Management (ICM, UK) မှ ချီးမြှင့်သော ICM Single Subject Diploma in Project Management Batch (11) သင်တန်းအတွက် စတင်စာရင်း ပေးသွင်းအပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅) လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။ ICM စာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှ ပေးအပ်သော Single Subject Diploma များရရှိပါမည်။

**Project Management** တွင် သင်ကြားမည့်ခေါင်းစဉ်များမှာ -

Projects in Contemporary Organisations | Strategic Management & Project Selection | The Project Manager | Project Organisation | Project Planning | Conflict & Negotiation | Budgeting & Cost Estimation | Scheduling & Resource Allocation | Monitoring & Information Systems | Project Control | Project Auditing | Project Termination



**Lecturer - Daw Aye Aye Win**, M.A (Int'l Business Studies) (Sophia), M. Com, B. Com (Hons) (YIE), Dip in English

**Every Wednesday** – 6:00 to 8:30 pm | Starting Date - 10 Aug 2016 | Program Fees – (395,000 kyats + 105 USD for exam & reg)

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

## STRATEGY FIRST JOURNAL

**YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE**



**စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။**

**SFJ** ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## *The* STRATEGY FIRST *Times*



လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

# ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com